# “သင့်ကိုယ်ပိုင်နည်းဖြင့်သင်ကြားပါ”

# TEACH YOUR OWN

## (By John Halt)

## နေအိမ်တွင်သင်ကြားခြင်း

### ကလေးငယ်၏စိတ်ဝင်စားမှုအတိုင်းသင်ကြားခြင်း

အာ့တ်ဟဲရစ္စ (Art Harris) ကသူ့သားနှစ်ဦး၏ အလွတ်သဘော လေ့လာသင်ယူမှုကို “ကျွန်တော်တို့ကျောင်းက ခန့်ထားတဲ့ အကြံပေးပုဂ္ဂိုလ်ဆီက ငြီးငွေ့ဖို့ကောင်းတဲ့ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေကို ဟန်ပြသဘောလောက်ပဲငှားပြီး ပစ်ထားလိုက်တယ်။ ပြီးတော့ ကိုယ့်နည်းကိုယ်ဟန်နဲ့ သင်ပေးတယ်။ ကျွန်တော့်သားကြီးဆိုရင် အထက်တန်းအဆင့်နဲ့ ညီမျှတဲ့စာမေးပွဲကို ဝင်ဖြေတယ်။ ဘာသာရပ်တိုင်းမှာ အမှတ်ကောင်းရခဲ့တာပဲ” ဟုရေးသားခဲ့ပါတယ်။

အိမ်တွင်ပင် ကျောင်းစာသင်ပေးသော နောက်မိဘတစ်ဦးကလည်း သူတို့၏သင်ကြားရေး အစီအစဉ်ကို “ပထမအချက်ကတော့ သူသင်ဖို့လိုအပ်တဲ့ ပစ္စည်းတွေအားလုံးကို ဖြည့်ဆည်းပေးပါတယ်။ ဒုတိယအချက်ကတော့ တစ်ခုခုနဲ့ပတ်သက်ပြီး သူ့မှာမေးရာရှိတယ်ဆိုရင် ဒါမှမဟုတ် အကူအညီလိုမယ်ဆိုရင် သူ့ကိုကူညီဖို့ ကြိုးစားတယ်။ ဒါပေမဲ့ လိုတာထက်မပိုဘူး။ တတိယအချက်အနေနဲ့တော့ ကျွန်တော်တို့ စိတ်ရှည်ကြရပါတယ်။ သူသင်ဖို့ အဆင်သင့်မဖြစ်သေးတဲ့ အကြောင်းအရာကို ကျွန်တော်တို့က သူ့ကိုသင်ပေးဖို့ မျှော်လင့်မထားပါဘူး” ဟုရှင်းပြခဲ့ပါသည်။

### နေအိမ်တွင်ကျောင်းစာသင်ကြားသည့်နေ့များ

ဂျူဒီမက်ခေးလ် (Judy McChill) ကသူမရဲ့အိမ်မှာ ကျောင်းစာသင်ကြားပေးသော အတွေ့အကြုံကို အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

“ကျွန်မတို့က ကားလ်ဗာ့တ်ရဲ့ အိမ်မှာသင်ကြားနည်း (Calvert Home Instruction) ကိုသုံးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့သင်မယ်လို့ ဆုံးဖြတ်ခဲ့လို့ပါဘဲ။ ဒါပေမဲ့ သူတို့သင်ဖို့ပြောထားတဲ့ နည်းအတိုင်းမသုံးပါဘူး။ တစ်ခုရှိတာက အဲဒီသင်ခန်းစာတွေဟာ စနစ်တကျပြုစုထားလေတော့ တော်ရုံတန်ရုံဖတ်တတ်သူတောင် ဒီသင်ခန်းစာကိုဖတ်ပြီး သူ့ကလေးကိုသင်ပေးလို့ရတယ်။ ပြောထားတဲ့အချက်တွေအားလုံးကို ယုံယုံကြည်ကြည်လိုက်နာမယ်ဆိုရင် သင့်ဖို့အချိန်တောင် ကျန်တော့မှာမဟုတ်ဘူး။”

“လ တစ်လတိုင်းရဲ့ ကလေးတွေက စာရွက်ထည့်ဖို့ဖိုင်တစ်ခုလုပ်ပြီး အလှအပချယ်ကြတာပေါ့လေ။ အဲဒီဖိုင်ထဲမှာ ကားလ်ဗာ့တ်သင်ခန်းစာထဲက လေ့ကျင့်ခန်းတွေကို စစ်ဆေးတဲ့စာရွက်အပါအဝင် လေ့ကျင့်ခန်းစာရွက်တွေ အားလုံးကိုထည့်ပါတယ်။ ဒါပေမဲ့ သင်ကြားရေးလမ်းညွှန်အတိုင်း ကျွန်မတို့ကမသုံးတော့ သင်ကြားနိုင်တာကိုတွေ့ရတယ်။”

“ကားလ်ဗာ့တ် လိုချင်တဲ့လေ့ကျင့်ခန်းတွေ အများကြီးမလုပ်ပေမဲ့ လုပ်တဲ့လေ့ကျင့်ခန်းတိုင်းကတော့ ပြည့်စုံပါတယ်။ တကယ်လို့ကလေးတွေက မှားသွားရင်ချက်ချင်းဖျက်ပြီး မှန်အောင်မြင်ကြပါတယ်။”

“ထမင်းစားခန်းထဲက စားပွဲမှာ သူတို့ဘာသာသူတို့ ဆွဲထားတဲ့ပုံတွေကိုလည်း ဖိုင်ထဲမှာပဲထည့်ထားတယ်။ တွေ့တဲ့လူတွေက ကျွန်မတို့ပန်းချီသင်တယ်လို့တောင် ထင်ကြတယ်။ ကျောင်းစာသင်ရမယ့်နေ့မှာ ပညာရေးနဲ့ဆိုင်တဲ့နေရာတစ်ခုကို သွားမယ်ဆိုရင် သွားမယ့်လမ်းမှာ ထင်ရှားတဲ့အထိန်းအမှတ်တွေကို ရောင်စုံစာရွက်တစ်ခုမှာ ကပ်ထားပြီး ဖိုင်ထဲကိုထည့်သွားတယ်။ ကလေးကြီးနှစ်ယောက်ကတော့ သီးခြားစာအုပ်တွေမှာ လုပ်ထားတဲ့လေ့ကျင့်ခန်းတွေကို စာရင်းပြုစုပြီး အဲဒီလေ့ကျင့်ခန်းကို အစီအစဉ်တကျစီပြီး တွဲချုပ်ထားတယ်။ ကလေးတွေဟာ လေ့ကျင့်ခန်းတွေကို ပြီးစီးအောင်လုပ်တတ်တဲ့ အသိစိတ်ကလေးရသွားတာပေါ့လေ။”

“ကလေးတွေက သူတို့ဘာသာသူတို့ အလိုအလျောက်လုပ်ထားတဲ့ ပညာရေးနဲ့ဆိုင်တဲ့ လုပ်ငန်းလေးတွေကို ကျွန်မကအမြဲတန်းလိုလိုမှတ်ထားတယ်။ ဒီလုပ်ငန်းလေးတွေနဲ့ ပတ်သက်ပြီးသတိထားဖို့ကတော့ ကလေးတွေဟာ ကိုယ်တိုင်ရှေ့ဆောင်ရှေ့ရွက်ပြုတတ်ကြတယ်။ အဓိပ္ပါယ်လည်း ပြည့်ဝတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့စိတ်ဝင်စားနေတဲ့ ဒါမှမဟုတ် လတ်တလော စိတ်ဝင်စားတဲ့ လုပ်ငန်းတွေကို လေ့လာပြီးရင် မေ့မသွားတတ်ကြလို့ပါပဲ။ တကယ်လို့ ကလေးတွေဟာ ကျောင်းစာကိုလုံးဝတင်းကျပ် ဖိအားပေးတာကလွတ်ကင်းသါွးရင် ကလေးတွေဟာ သူတို့ကိုယ်တိုင် သင်ကြားတတ်ကြတယ်ဆိုတာကို ကျွန်မနက်နက်နဲနဲ စူးစမ်းပါတယ်။”

နန်စီဝေါလေ့စ် (Nancy Wallace) ကလည်း ဤသို့ရေးလာပါသည်။

“ကျွန်မတို့ကိုယ်တိုင်မလုပ်တဲ့ ကိစ္စတွေကိုကလေးတွေကိုလည်း လုပ်ဖို့ပြောလေ့မရှိပါဘူး။ ပြီးတော့ အချင်းချင်းလည်း အကျိုး

ရှိစွာတိုက်တွန်း လှုံ့ဆော်ပေးပါတယ်။ ကျွန်မတို့အများကြီး ဖတ်တယ်။ အများကြီးရေးပါတယ်။ အားလုံးလိုလိုပဲ ပြင်သစ်စကားကိုသဒ္ဒါနည်းမကျပေမဲ့ နားလည်သလိုပြောကြပါတယ်။ ကျွန်မတို့အားလုံး စန္ဒရားတီးလေ့ကျင့်ကြပါတယ်။ ကျွန်မဟာ ကိုယ်ကျိုးမငဲ့ဘူးဆိုပြီး လူတွေကအံ့သြကြတယ်။ သူတို့ဟာ ကလေးတွေကနဲ့အချိန်များများ မဖြုန်းကြဘူး။ အဲဒီကိစ္စတွေ သင်ပေးဖို့လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ပေးဖို့ ကလေးတွေကို အချိန်မပေးကြဘူးလေ။ တကယ်တော့ ကျွန်မလည်း ဒီလောက်ကိုယ့်ကိုယ်ကို အလိုလိုက်လေ့မရှိပါဘူး။ ကျွန်မက ပြင်သစ်စကားသင်ချင်တယ်။ စန္ဒရားတီးလည်း သင်ချင်တယ်။ အစ္စမေးလ် (Ishmael) ကသင်ပါလားလို့ပြောတော့ ဒါဟာ ကျွန်မအတွက် အခွင့်အရေးပဲဆိုတာ သိလိုက်ပါတယ်။ သင်္ချာမှာတော့ ကျွန်မဟာချက်လက်မှတ် စာအုပ်လက်ကျန်ကိုတောင် မတွက်တတ်ဘူး။ ဒီတော့ အစ္စမေးလ်နဲ့ သင်္ချာအတူသင်ရတာကို ကျွန်မပျော်ပါတယ်။ သူက ကျွန်မကိုစာလုံးပေါင်းနဲ့ သမိုင်းသင်ပေးတယ်။ ဒါကြောင့် ကျွန်မဟာရှင်သန်ပြီး တက်ကြွနေပါတယ်။ ဗိုက်တာ (Vita) တောင်ဘယ်လောက် အမြတ်ထွက်နေပြီလဲဆိုတာ မပြောတတ်တော့ပါဘူး။ ဗိုက်တာက ၄နှစ်သမီးပဲရှိသေးတာ။ ဒါပေမဲ့ သူကပြင်သစ်လိုလဲပြောတတ်ပြီး စန္ဒရားလည်းတီးနေပြီ။ အဲ ပြီးတော့ရည်းစားစာတောင် ဖတ်တတ်နေပြီလေ။"

ဖခင်တစ်ဦးက "ကျွန်တော့်ကလေးတွေကို ကျောင်းပို့မှာမဟုတ်ဘူး။ (အကြီးဆုံးကလေးဆိုရင် အခု ၅နှစ်ရှိပြီဆိုတော့ သာမန်အားဖြင့်လာမယ့် စက်တင်ဘာလမှာ သူငယ်တန်းကိုထားရတော့မှာပေါ့။) သူဆိုရင် စာဖတ်တတ်နေတာ တစ်နှစ်လောက်ရှိပြီပေါ့။ ကလေးတစ်ယောက်ဟာ ဒီ (D) လောက်တိုးတက်တယ်လို့ ပြောလာရင်ကျွန်တော် ယုံမှာမဟုတ်ဘူး။ သူက အာကာသကိုသွားဖို့နဲ့ နက္ခတ်တာရာ လေ့လာတာကိုစိတ်ဝင်စားတယ်။ ကျွန်တော်တို့ကလည်း သူစိတ်ဝင်စားတဲ့ ဘာသာရပ်နဲ့ဆိုင်တဲ့ ရနိုင်သမျှစာအုပ်တွေကို ရှာပေးပါတယ်။ ရသမျှစာအုပ်ကို အငမ်းမရဖတ်တော့တာပဲ။ ရသမျှဖတ်လို့ ကုန်သွားရင်ထပ်ရှာခိုင်းပြန်ရော။ သူက ဂြိုလ်တွေနဲ့ပတ်သက်တဲ့စာအုပ်တွေကို ဖတ်တယ်။ ပြီးတော့ ဂြိုလ်အမျိုးမျိုးနဲ့ လတွေပေါ်မှာရှိတဲ့ ဆွဲငင်အားအကျိုးသက်ရောက်မှုတွေကို ထက်ထက်မြက်မြက် ဆွေးနွေးနိုင်တယ်။ (ဥပမာဆိုပါတော့ဗျာ လပေါ်မှာလေမရှိဘူး။ ဘာကြောင့်လဲဆိုတော့ လေကိုထိန်းထားနိုင်လောက်အောင် လုံလောက်တဲ့ဆွဲအားမရှိလို့တဲ့။ ပြီးတော့ ကြာသာပတေးဂြိုလ်ပေါ်ဆိုရင် သူဟာကြိတ်ထားသလို ပြားနေမှာပဲတဲ့)" ဟူ၍ရေးသားလာပါသည်။

အခြားမိခင်တစ်ဦးရေးထားသည်ကိုလည်း ဖတ်ကြည့်ပါဦး။

"နောက်ဆုံးမှာတော့ ကျွန်မတို့ဟာ တစ်နေ့ကိုကလေးတစ်ဦးကိုပဲ အလှည့်ကျသင်ဖို့စီစဉ်ရတယ်။ ဂျွန် (John) ကိုသူ့ဘာသာတွေတစ်နေ့သင်ပေးရင် အဲဒီနေ့မှာ ဂျင်မ် (Jim) ကစာဖတ်ရမယ်။ စာလုံးပေါင်းတွေကို တွဲစပ်ရတယ်။ အဲဒီနေ့ရဲ့ မနက်မှာဖြစ်စေ၊ ညနေမှာဖြစ်စေ စာဖတ်တာနဲ့စာလုံးပေါင်းကျက်တာကို သူ့အလုပ်တစ်ခုခုလုပ်လို့ ကြာသလောက် ဖတ်ရ၊ ကျက်ရမယ်။ ရပြီဆိုရင် ကျန်တဲ့အချိန်ဟာ သူ့ကိုယ်ပိုင်အချိန်ပဲ။ ကစားချင်ရင်ကစား။ ဒါမှမဟုတ် သူကြိုက်တာလုပ်ပေါ့။ ဒီလိုသင်တာကို သူတို့သဘောကျတယ်။ စာဖတ်တာနဲ့ စာလုံးပေါင်းတာကို သူတို့ပျော်သွားရင် စာသင်ရတာတာဝန်မကြီးတော့ပါဘူး။"

"တစ်နေ့တာစာသင်ချိန်ဟာ ၃နာရီလောက်ပဲကြပါတယ်။ ကျန်တဲ့အချိန်တွေကတော့ သူတို့ရဲ့လွတ်လပ်ချိန်ပဲ။ တစ်ချို့နေ့များမှာသူတို့စိတ်ဝင်စားတဲ့ နေရာတွေကိုသွားခဲ့ကြပါတယ်။ ပြည်သူ့ပန်းခြံတွေထဲမှာ ကစားကြတယ်။ အနားက ထောပတ်ချက်စက်ရုံကို သွားပြီးကြည့်ကြတယ်။ မက်ဒေါနယ်ဆိုင်ကိုသွားပြီး တစ်နာရီလောက်အချိန်ဖြုန်းတယ်။ ပြီးတော့ မုန့်တွေဝယ်ကြပါတယ်။ ကျွန်မတို့အနေနဲ့ဘဝတစ်လျှောက်လုံး လေ့လာသင်ယူရင်း ဆည်းပူးတဲ့ဘဝအဖြစ် ခံယူထားတာမို့ ကျောင်းစာကိုအိမ်ထဲမှာသင်လိုက် အပြင်ထွက်လေ့လာလိုက်နဲ့ အင်မတန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။"

"ကျွန်မတို့ဟာ စားပွဲပေါ်မှာထိုင်ပြီး မသင်ပါဘူး။ သူတို့ကို မှတ်စုစာအုပ် တစ်အုပ်စီဝယ်ပေးထားတယ်။ ဆိုဖာပေါ်မှအတူထိုင်ကြတယ်။ စာအုပ်တွေကို ပေါင်ပေါ်မှာတင်ထားတယ်။ (သင့်ကလေးငယ်ရဲ့ ဘေးမှာအတူထိုင် ပခုံးချင်းထိထား တစ်ခါတစ်လေ ဖက်ထားပြီး လေ့ကျင့်ခန်းလုပ်ရတာ ဘယ်လောက်ကောင်းလိုက်ပါသလဲ။) ကျွန်မတို့ အော်ကြငေါက်ကြ ငိုကြ ယိုကြ ရယ်ကြမောကြ ကြိုက်တာလုပ် ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူးလေ။ စာသင်ဖြစ်ဖို့ အလုပ်ဖြစ်ဖို့ ကလေးတွေတတ်ဖို့က အဓိကပဲလေ။"

မိခင်တစ်ဦးကလည်း အိမ်တွင်စာသင်ကြားခြင်းကို "ကျောင်းသင်ရိုးညွှန်းတမ်းကို သုံးဖို့လူတွေက ကျွန်မကိုပြေကြပါတယ်။ ပြီးခဲ့တဲ့နှစ်က ဝါရှင်တန်ဒီစီက နေအိမ်တွင်ပင်လေ့ကျင်သင်ကြားရေးဌာနရဲ့ သင်ရိုးညွှန်းတမ်းကို ကျွန်မသုံးခဲ့ပါတယ်။ ဒီနှစ်တော့ အဲဒီလိုတိကျတဲ့ သင်ရိုးညွှန်းတမ်းနဲ့ သင်ဖို့အစီအစဉ်မရှိပါဘူး။ ကျွန်မစိတ်ကူးကို ပြောင်းပစ်လိုက်ပါတယ်။ ကျောင်းတွေမှာပြဋ္ဌာန်းတဲ့ ကျောင်းသုံးစာအုပ်ကိုဝယ်ပြီး သင်ရင်ကောင်းမယ်လို့ စိတ်ကူးမိတယ်" ဟုရေးသားလာပါသည်။

## ဒေါင်းဆင်ဒရုမ်းလက္ခဏာရှိသော ဉာဏ်ရည်မမီကလေးတစ်ဦးကို နေအိမ်တွင်သင်ကြားခြင်း

ဒေါင်းဆင်ဒရုမ်း (Down's Syndrome) လက္ခဏာဖြင့်မွေးဖွားလာသော ဉာဏ်ရည်မမီသည့် ဆယ်ကျော်သက်သမီးငယ်တစ်ဦး၏မိခင်ကလည်း သူမအတွေ့အကြုံကို အောက်ပါအတိုင်းရေးသား ဖော်ပြလာပါသည်။

"အယ်လ် (L) ဟာနယ်မြေအဖွဲ့အစည်းတစ်ခုက ဉာဏ်ရည်မမီကလေးတွေအတွက် ဖွင့်ထားတဲ့ ကလေးပြုစုရေးဌာနတစ်ခုမှာ အထူးပညာရေးစနစ်နဲ့ သင်ကြားခဲ့ပါတယ်။ ဒါပေမဲ့ အသုံးမဝင်ပါဘူး။ အဲဒီနောက် ပုဂ္ဂလိကကလေးပြုစုရေးကျောင်းတွေ ပုဂ္ဂလိကသူငယ်တန်းကျောင်းတွေ မူလတန်းအတွက် လက်တွေ့စမ်းသပ်ဖို့ ဖွင့်ထားတဲ့ အစိုးရကျောင်းတွေနဲ့ ကတ်သလစ်ပုဂ္ဂိုလကျောင်းတွေမှာ ပါပုံမှန်တက်ရောက် သင်ခဲ့ပါတယ်။ ကျွန်မကသူ့ကို အဲဒီအထူးပညာရေးစနစ်နဲ့ မသင်စေချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချို့ယွင်း

မှုရှိတဲ့ ကလေးတွေကို သင်ကြားတဲ့ပုံစံတွေကြောင့် ကလေးတွေရဲ့ ချို့ယွင်းမှုဟာ ပိုမိုပြီးတိုးလာတယ်လို့ ကျွန်မယူဆမိလို့ပါပဲ။”

အခုတော့ သူ့ကိုကျွန်မအိမ်မှာပဲသင်ပေးနေပါတယ်။ ကျွန်မတို့မှာ ရေကူးချိန်၊ က ချိန်၊ ဆေးခြယ်ချိန်၊ ပုံဆွဲချိန်နဲ့ ဇာထိုးပန်းထိုးချိန်ဆိုပြီး အချိန်ဇယားဆွဲထားပါတယ်။ ဒီလိုသင်ယူနေတဲ့ ကလေးတစ်ယောက်အတွက် တခြားစဉ်းစာရမယ့် အချက်တွေလည်းရှိပါသေးတယ်။ ရေမကူးတတ်ရင် သူမအတွက် အန္တရာယ်ရှိတယ်လို့ ကျွန်မထင်တယ်။ သိပ်အများကြီးပြောရင် သူ့ရဲနားကြားနိုင်စွမ်းက လက်မခံပြန်ဘူး။ ဒါကြောင့် နားကြားစွမ်းရည်ကိုလည်း ကိုယ်ပိုင်လေ့ကျင့်ပေးတဲ့ သင်ခန်းစာတွေနဲ့ သင်ကြားရတယ်။ ဘဲလေးကချေသည်လေးတစ်ဦးဟာ သူမရဲ့ခြေထောက်အပြားတွေနဲ့ ဘဲလေးကဖို့ အခက်အခဲတွေ့ရတာကို ကျော်လွှားလွန်မြောက်ခဲ့တဲ့အကြောင်းလေးကိုကျွန်မဖတ်ခဲ့ရတယ်။ ဒါကြောင့် အဲဒီခြေထောက်အခက်အခဲရဲ့ အဓိကပြဿနာကိုစပြီး ဖြေရှင်းကြတယ်။ အယ်လ်ကိုသင်ကြားပေးလေလေ အယ်လ်ဟာကျောင်းစာ လေ့ကျင့်ခန်းဆိုတဲ့ ရှုံ့နှံ့အိုင်ထဲက ရုန်းထွက်ဖို့လိုအပ်လေလေဆိုတာ သိလာရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ကျွန်မက ဖြစ်နိုင်မယ်ထင်ပြီး ကြိုးစားသင်ကြားပေးပေမယ့် ထင်ထားတဲ့အတိုင်း ဖြစ်မလာလို့ပါဘဲ။ ဒါကြောင့် ကျောင်းစာတွေကို ခဏလောက်ရပ်ထားဖို့ ဆုံးဖြတ်ပြီး

“ကဲ တို့တွေ အောက်တိုဘာလမှာ ပင်လယ်ကမ်းခြေကိုသွားမယ်။ ရာသီဥတုအခြေအနေကောင်းရင် နိုဝင်ဘာလအထိနေပြီး ကျောင်းစာတွေကိုဘာ မလုပ်ကြဘဲ ကမ်းစပ်မှာဘောလုံးကန်မယ်။ ကစားမယ်။ ပြီးတော့မှ ဆက်သင်ကြတာပေါ့” ဟုသာပြောလိုက်ပါသည်။

“ပင်လယ်ကမ်းခြေကိုသွားတဲ့ ခရီးတစ်ခုမှာတော့ အယ်လ်ဟာငွေအကြွေတစ်စေ့ လိုတောင်မရေတွက်တတ်တာကို သိလိုက်ရပါတယ်။ ဒီတော့ ငွေကြေးသုံးစွဲတတ်ဖို့ကို အရင်ဆုံးသင်ကြားဖို့ ဖြစ်လာပါတယ်။ ကျွန်မကို အခြေခံစည်းမျဉ်းတစ်ခု ရရှိစေခဲ့ပါတယ်။ အဲဒါကတော့ ကျောင်းမနေတဲ့ ကလေးတွေလိုဘဲ အယ်လ်ရဲ့ယေဘုယျစိတ်ကူးတွေဟာ အတူတူပဲဖြစ်နိုင်ပေမဲ့ တစ်ချို့ကိစ္စတွေမှာတော့ သာမန်ကလေးတွေနဲ့မတူဘဲ သီးခြားသင်ပေးရမယ်ဆိုတာပါပဲ။ တခြားကလေးတွေဟာ သူတို့သင်ယူတဲ့ စိတ်ဝင်စားတဲ့ကိစ္စတွေမှာ အကူအညီနဲ့ အကြံပေးမှု အနည်းအပါးလိုအပ်မယ်ဆိုရင် အယ်လ်အတွက်ကတော့ ပုံမှန်ကူညီပေးဖို့ အကြံပေးဖို့လိုပါလိမ့်မယ်။ အချိန်အကြာကြီးမဟုတ်သော်မှ နေ့စဉ်ပုံမှန်တော့ ကူညီရပါမယ်။ ဖြစ်နိုင်မယ်ဆိုရင် စနေ တနင်္ဂနွေလို ပိတ်ရက်တွေမှာပါ ကူညီပေးရပါမယ်”

“ကျွန်မက သူ့ကိုပစ္စည်းလေးခုအတွက် တန်ဖိုးတွေနေ့စဉ် သတ်မှတ်ပေးပါတယ်။ သူက အဲဒီတန်ဖိုးသတ်မှတ်ထားတဲ့ ပစ္စည်းတွေကို ပလပ်စတစ်ခွက်ကလေးနဲ့ အပြည့်ထည့်ပြီး တန်ဖိုးတွက်ပါတယ်။ ခွက်ထဲမှာပါတဲ့ပစ္စည်းတွေရဲ့ တန်ဖိုးကိုတွက်တာပါ။ ကျွန်မကငွေအကြွေစေ့အစစ်တွေနဲ့ သုံးပြီးသင်ပါတယ်။ ကျောင်းမှာ သင်နေတဲ့ဆရာတွေကတော့ ရူးတယ်။ ထူးဆန်းတယ်လို့ထင်မှာပဲ။ သူတို့ကငွေအကြွေအတုတွေကိုပဲ သုံးကြတာကိုး။ တစ်လအတွင်းမှာပဲ ငွေအကြွေကို အယ်လ်တစ်ယောက် ကောင်းကောင်းသုံးတတ်သွားတယ်။ ပြီးတော့ အရေအတွက်တွေကို ကျွန်မက စာရွက်ပေါ်မှာရေးတယ်။ သူလည်းပဲရေးတတ်လာတယ်။”

“ဘာကြောင့်အချိန်ဇယားဆွဲပြီး လေ့ကျင့်ရတာလဲဆိုတဲ့ မေးခွန်းရဲ့အဓိကအဖြေဟာ ဒါပဲလို့ကျွန်မယူဆမိတယ်။ တစ်ချို့မိသားစုတွေက အချိန်ဖယားဆွဲတာ ကျောင်းတွေရဲ့အလုပ်ပဲလို့ ယူဆထားကြတယ်။ ဒီတော့ သူတို့ဟာအိမ်မှာ အချိန်ဇယားဆွဲပြီး သင်ပေးဖို့ မကြိုးစားတော့ပဲ အိမ်မှာသင်ပေးလို့ရတဲ့ အကျိုးကျေးဇူးတွေကို လက်လွှတ်ပြစ်လိုက်ကြတယ်။ ပြီးတော့ ကလေးတွေအပေါ်မှာ ဖိအားတွေပေးပြီး အပြစ်တွေပုံချကြပါတယ်။”

“အယ်လရဲ့ ဇာထိုးပန်းထိုးစွမ်းရည်ကလည်း ဂုဏ်ယူစရာပါပဲ။ နောက်ပြီး သူမဟာ အသက် (၂၀ –၄၀) မိန်းကလေးတွေ ဘဲလေးအကသင်တဲ့အတန်းမှာဆိုရင် သူတို့ထက်မညံ့အောင် ကတတ်ပါတယ်။ ပိုပြီးထူးခြားတဲ့ ပါရမီကတော့ ပန်းချီပါဘဲ။ သူမရဲ့ပန်းချီသင်ပေးတဲ့ဆရာကဆိုရင် သူနောက်ဆုံးတွေ့ခဲ့တဲ့ကလေးတွေနဲ့ လုံးဝမတူပါဘူးလို့ ချီးကျူးခဲ့ပါတယ်။

## ကလေးများ၏သဘာဝနှင့်လိုအပ်ချက်များ

ကလေးများကြီးပြင်းလာသည်နှင့်အမျှ သူတို့၏အကောင်းဆုံး အရည်အသွေးများကို ထိန်းသိမ်းတည်ဆောက်ပေးရန် နည်းလမ်းများစွာရှိပါသည်။ ရှေးဦးကာလ မိခင်ကြီးများက ကလေးများကို မွေးဖွားပြီး ကျွေးမွေးပြုစု စောင့်ရှောက်သကဲ့သို့ အမြဲမပြတ် စောင့်ရှောက်ရန် လူသား၏ဇီဝဗေဒ အတွေ့အကြုံအရ “အဆက်မပြတ်” ကျွေးမွေးပြုစုစောင့်ရှောက်မှုအတိုင်း ကလေးများအားပြုစုလျှင် ကလေးများသည် အကောင်းဆုံးသော ကျန်းမာရေး၊ ပျော်ရွှင်မှု၊ အသိဉာဏ်၊ လွတ်လပ်၍အမှီအခိုကင်းမှု၊ ကိုယ့်အားကိုယ်ကိုးမှု၊ သတ္တိနှင့်ပူးပေါင်းဆောင်ရွက်မှု အခြေအနေများဖြင့် ကြီးပြင်းလာကြရကြောင်းကို ဂျင်းလိုက်ဒ်လော့ဖ် (Jean Liedloff) ၏ “ထာဝရသဘောထား” တွင်ဖော်ပြထားပါသည်။ ကလေးများသည် မွေးစမှတစ်နှစ်အထိ သို့မဟုတ် လေးဘက်တွား၍ စူးစမ်းသောအရွယ်အထိ ကာလများတွင် ၎င်းတို့ပျော်ရွှင်ဆုံးသော လိုအပ်ဆုံးသော အားထားဆုံးသောအရာကား ၎င်းတို့မိခင်များ၏ (သို့မဟုတ် အလားတူစွာပင် ယုံကြည်ကိုးစားသောသူ၏) ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှု / နွေးထွေးမှုပင်ဖြစ်သည်။

ယဉ်ကျေးလှပါသည်ဆိုသော လူများအစဉ်ယူဆလေ့ရှိသော ထူးဆန်းသည့်အယူအဆများအနက် အယူအဆတစ်ရပ်မှာ ကလေးများသည်ဆိုးကြသည်။ သူတို့အား ကြိမ်းမောင်းခြိမ်းခြောက်ရမည်။ အပြစ်ပေးရမည်ဟူ၍ပင်ဖြစ်သည်။ ကလေးများအား မလျော်ကန်သောအပြုအမူပြုရန် ဒုက္ခပေးရန် တခြားသူများအား ကူညီမှုမပြုရန် ဝတ္ထုပစ္စည်းများကို ဖျက်ဆီးရန်နှင့် သူတစ်ပါးအား ထိခိုက်နာကြင်စေရန် ပြုတတ်သော လူဆိုးကလေးများဖြစ်လာရန် မည်သည့်ယဉ်ကျေးမှုကမျှ မျှော်လင့်မထားကြပါ။ ယဉ်ကျေးမှုအစဉ်အဆက် တစ်

လျှောက်တွင်လည်း ထိုကဲ့သို့ဖြစ်လာရန် ကျွေးမွေးပြုစုသည့် ပုံစံမျိုးကို (ကျွန်ုပ်တို့အဖို့) မကြားဖူး မသိဖူးခဲ့ပါ။

လွန်ခဲ့သောနှစ်ပေါင်းများစွာက အမေရိကန်မှ ကလေးကျွမ်းကျင်သူပညာရှင် အဖွဲ့အစည်းတစ်ဖွဲ့သည် တရုတ်နိုင်ငံရှိ ကလေးများအားမွေးမြူ ပြုစုမှုနှင့် ကျောင်းစာသင်ကြားမှုကို လေ့လာရန် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ သူတို့တွေ့ဆုံရသော တရုတ်နိုင်ငံမှကလေးပညာရှင်များကို ကလေးများဒေါသူပုန်ထလျှင် အချင်းချင်းရန်ဖြစ်လျှင် စကြနောက်ကြလျှင် တအီအီငိုလျှင် ဝတ္ထုပစ္စည်းများကိုဖျက်ဆီးလျှင် လူများကိုထိခိုက်နာကြင်စေလျှင် မည်သို့ပြုလုပ်ပါသနည်းဟု စိတ်အားထက်သန်စွာ မေးကြသည်။ ထိုတရုတ်ကလေးကျွမ်းကျင်သူများက သူတို့အားဟန့်တားသော မလိုလားသောမျက်နှာပေးဖြင့် ကြည့်နေကြသည်။ အမေရိကန်များက "ခင်ဗျားတို့ကလေးတွေဟာ ပေ၃၀၀အမြင့်ကနေပြီး လေထဲကိုခုန်ချရင် ဘယ်လိုလုပ်ကြသလဲ" ဟုမေးရာ တရုတ်ပညာရှင်များက "ကလေးတွေဒီလိုမလုပ်ကြပါဘူး" ဟူ၍သာထပ်ကာ တလည်းလည်းဖြေသဖြင့် အမေရိကန်ပညာရှင်များလည်း စိတ်ပျက်လက်ပျက်ဖြင့် ပြန်ခဲ့ကြရသည်။ တရုတ်ကလေးငယ်များသည် ကျွန်ုပ်တို့၏ကလေးများကဲ့သို့ မည်သူကမျှမျှော်လင့်မထားသော နည်းလမ်းများအတိုင်း မိုက်မဲခြင်းမရှိကြပါဟူ၍ အမေရိကန်ပညာရှင်များ ကောက်ချက်မချနိုင်ပါပေ။

အချုပ်အားဖြင့် ကျွန်ုပ်တို့၏ချမ်းသာကြွယ်ဝသော အနောက်ကမ္ဘာမှ ပြဿနာလေးများသည် ကျွန်ုပ်တို့နိုင်ငံမှ ထုတ်လုပ်သောကားများကဲ့သို့ပင် ကျွန်ုပ်တို့ယဉ်ကျေးမှု၏ ထုတ်ကုန်များပင်ဖြစ်တော့သည်။

လူသားတစ်ဦးအား အနှောင်းပိုင်းကာလအတွက် အဆိုပါလိုအပ်မှုများ အလျှံအပယ်ဖြည့်ဆည်းပေးလျှင် (နီးကပ်စွာထိတွေ့ဆက်ဆံရေးလိုအပ်ချက်) ထိုသူ၏ အစောဆုံးကာလက လက်လွတ်ဆုံးရှုံးခဲ့ရသူများ (နီးကပ်စွာထိတွေ့ဆက်ဆံမှု) လျော့ပါးစေသည်သို့မဟုတ် ပျောက်ကင်းစေနိုင်သည်ဟု မစ္စလိုက်ဒ်လော့ဖ်က ပြောကြားထားပါသည်။ ပြည့်စုံသောကြင်နာမှု သိမ်မွေ့မှု စိတ်ရှည်မှုနှင့်ယဉ်ကျေးမှုများက လူတစ်ဦး၏ ကလေးဘဝဆုံးရှုံးမှုများကို လျော့ပါးပျောက်ကင်းစေနိုင်သည်။

## ကြင်နာစိတ်မွေးဖွားမှု

ကလေးများ တစ်နှစ်အောက်ငယ်သော ကလေးများသည် စိတ်မကောင်းဖြစ်နေသော ညှိုးငယ်နေသော လူများကိုတွေ့မြင်ရလျှင်သူတို့လည်း စိတ်ပျက်ညှိုးငယ်လေ့ရှိကြပြီး အားပေးကူညီချင်ကြကြောင်းကို သုတေသနမြောက်မြားစွာက ဖော်ပြလေ့ရှိကြပါသည်။ ယခုနှစ်အတွင်း ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်တွင်

"၂နှစ်သား ကလေးငယ်တစ်ဦးက မိန်းကလေးငယ်တစ်ဦး၏ ဦးခေါင်းကိုမတော်တဆ ထိခိုက်မိသည်။ သူက ထိတ်လန့်သွားပြီးကလေးမလေးအား နင့်ဆံပင်လေးတွေ နာသွားပြီ၊ မငိုပါနဲ့နော်၊ ဟူ၍ပြောလိုက်သည်။"

"၁၈လသာရှိသေးသော အခြားမိန်းကလေးငယ်တစ်ဦးကလည်း သူမ၏အဘွားက ခေတ္တနား၍ လှဲအိပ်နေသည်ကို တွေ့ရသောအခါ သူမ၏ကလေးအိပ်ရာ ကုတင်လေးဆီသို့ ပြေးသွားပြီး သူမ၏ စောင်သေးကလေးကိုယူကာ အဘွားကိုခြုံပေးလိုက်သည်။" ဟူ၍ပါရှိပါသည်။

အမျိုးသားစိတ်ကျန်းမာရေးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်မှု စိတ်ပညာဌာနမှ အကြီးအကဲဖြစ်သူ မာရီယန် ရက်ကီး ယာရိုး (Marian Radke Yarrow) က

"ဒီကလေးတွေဟာ သာမန်အမေရိကန်လူမျိုးတွေပါပဲ။ နတ်ဒေဝါလည်း မဟုတ်ဘူး။ ခြွင်းချက်မဲ့တော်တဲ့ လူသားတွေလည်းမဟုတ်ဘူး" ဟုပြောကြားခဲ့သည်။ သူမသည် ၁၀လမှ ၂နှစ်ခွဲအကြားရှိ ကလေးများကို အသေးစိတ်လေ့လာပြီးနောက် ကလေးများသည်သူတစ်ပါးအပေါ်တွင် စာနာစိတ်ရှိကြောင်း ပြတတ်ကြသည်ဟု ယူဆခဲ့သည်။ သူမက ကလေးများတွင် အံ့သြဖွယ်ကောင်းအောင် သဒ္ဒါတရား၊ ကိုယ်ချင်းစာတရား ရှိကြပြီး ကလေးများစွာတို့သည် စောစီးသောအရွယ်ကပင် သူတစ်ပါးအကျိုးကို ဦးစားပေးသော ပရဟိတစိတ်ရှိတတ်ကြကြောင်း ပြောပြခဲ့သည်။

"ကလေးတွေဟာ ကိုယ်ကျိုးကိုလုံးဝကြည့်ကြတယ်။ ကိုယ်ကျိုးဆန်တယ်။ ၅နှစ် ၆နှစ်သားရောက်ရင်တောင် အများအကျိုးကိုမကြည့်တတ်ကြဘူးဆိုတဲ့ အယူအဆကိုလက်ကိုင်ထားတဲ့ ရှေးရိုးအယူအဆတွေကို လက်ရှိတွေ့ရှိချက်တွေက စိန်ခေါ်နေပါတယ်။"

"တစ်နှစ်မပြည့်တတ်သေးတဲ့ ကလေးလေးတစ်ဦးက ငိုနေတဲ့သူ၊ နာကြင်နေတဲ့သူကို နှစ်သိမ့်ဖို့ကြိုးစားတာကတော့ အံ့သြဖို့အကောင်းဆုံးတွေ့ရှိချက် တစ်ခုပါပဲ။ သူတို့က ငိုနေတဲ့သူကို ပူးကပ်ပြီး ပုတ်ပေးတယ်၊ ပွေ့ဖက်တယ်၊ တစ်ခါတစ်လေ ကူညီဖို့ကြိုးစားတတ်တယ်။"

## "မ ...... ဘူး။ မ ...... နဲ့" ဟုပြောခြင်း

ခွေးပေါက်ကလေးတစ်ကောင်ပင်လျှင် မည်သည့်ဟန်အမူအရာမျှ ပြစရာအချက်ပေးစရာ မလိုဘဲ "မ .... ဘူး" "မ ...... နဲ့" ဟူသော ဒေါသသံ၏ အဓိပ္ပါယ်ကို ကောင်းစွာနားလည် သဘောပေါက်ပါသည်။ ယင်းသည်ကား အဓိပ္ပါယ်တစ်ခုကို ဆောင်သောစကားလုံးတစ်ခု ဖြစ်ပါသည်။ "မိုက်တဲ့ခွေး နင့်ကိုတော့ရိုက်မှပဲ" ဟုစကားတစ်လုံးမျှ ပြောဖို့မလိုပါ။ ဤသို့ပြောမည့်အစား "မင်းကခွေးလိမ္မာ

ကလေးပဲ။ ဒါပေမဲ့ မင်းကတို့မကြိုက်တာကို လုပ်နေတယ်။ နောက်ထပ် ဒီလိုမလုပ်နဲ့တော့နော်” ဟုပြောနိုင်ပါသည်။

သောကနှင့်ဒေါသများ အလွန်အမင်း ဖိစီးနေချိန်များမှတစ်ပါး အခြားအချိန်များတွင် ကလေးများအား ကြင်နာသိမ်မွေ့စွာ “အေး၊ ရတယ်၊ ဖြစ်တယ်” ဟုမပြောဘဲ အဘယ်ကြောင့် “မ ... ဘူး။ မ ... နဲ့” ဟုမပြောဘဲ မနေနိုင်ခြင်းအတွက် ခိုင်လုံသောအကြောင်းရင်းမရှိပေ။ ထိုနှစ်မျိုးစလုံးပင် စကားလုံးများဖြစ်ကြပါသည်။ စကားနှစ်မျိုးစလုံးပင် ကလေးငယ်များ နားလည်သဘောပေါက်နိုင်သည့် အဓိပ္ပါယ်များကို ဆောင်ကြပါသည်။ တစ်ဦးက “ဘာဖြစ်လို့ ဒီလိုမလုပ်တာလဲ” ဟုပြောပြီး အခြားတစ်ဦးက “ဒါက တို့လုပ်တဲ့နည်းလမ်းပဲ” ဟုပြောသည်။ ကလေးများက ထိုအချက်ကိုပင် ဖေါ်ထုတ်ချင်လေ့ရှိကြသည်။ ပင်ပန်းနွမ်းနယ်မှု သို့မဟုတ် ပြင်းပြစွာသိလိုစိတ် သို့မဟုတ် စိတ်လှုပ်ရှားမှု သို့မဟုတ် ပြင်းပြသောဆန္ဒများ ကျော်လွှားလွန်မြောက်သွားသော အချိန်များမှအပ ကလေးများသည် မှန်ကန်စွာပြုလုပ်ချင်ကြသည်။ ကျွန်ုပ်တို့ကဲ့သို့ ဆောင်ရွက်ချင်ကြသည်။ ပါဝင်ချင်ကြသည်။

မန်နီတိုဘာ (Manitoba) မှ မိဘတစ်ဦးဖြစ်သော လူးဝစ္စ အန်ဒရက်ရှန် (Louise Andreshyn) က

“သင်သည် “မ ... ဘူး၊ မ ... နဲ့” ဟူသောဒေါသဖြစ်သည့် သင်္ကေတနှင့် “မ ... ဘူး၊ မ .... နဲ့” ဟူသော အဓိပ္ပါယ်ပြည့်ဝသည့်စကား ၂ခုအကြား တိကျစွာရှင်းလင်း ထားပါတယ်။ ကျွန်ုပ်တို့အားလုံး သိထားသလိုပါဘဲ။ ဒေါသလည်းမပါ။ အဓိပ္ပါယ်လည်း မရှိဘဲ ကျွန်ုပ်တို့မိဘအချို့ နေတိုင်းလိုလို “ဟင့်အင်း ဟင့်အင်း ဟင့်အင်း” (မ ဘူး၊ မ နဲ့) တတွတ်တွတ်ပြောတတ်တဲ့ “မ ... ဘူး၊ မ .. နဲ့”ဆိုတဲ့ တတိယအမျိုးအစား တစ်ခုရှိပါသေးတယ်။ ဒီလိုအဆက်မပြတ် မြည်တွန်နေတာဟာ လှုပ်ရှားသာနေပြီး အဖြေမမှန်တဲ့ လေဖိအားတိုင်းကိရိယာ တစ်ခုလိုပါဘဲ။”

“ဒီစကား “မ – ဘူး၊ မ – နဲ့၊ ဟင့်အင်း” ရဲ့အဓိပ္ပါယ်ကို ကျွန်ုပ်တို့ခွဲခွဲခြားခြား သတိထားမိရင် ဒီစကားကို သုံးတဲ့အကျင့်ပြောင်းပြစ်နိုင်ပါတယ်။ မိဘများဖြစ်တဲ့ ကျွန်ုပ်တို့အနေနဲ့ “မပြောနဲ့၊ တော်တော့” လို့ ရိုးရိုးလေးပြောလို့ ရပါတယ်။ ကျွန်ုပ်တို့ပြောခဲ့တဲ့ စကားကိုကျွန်ုပ်တို့ကိုယ်တိုင် ထိုင်ပြီးနားထောင်ကြည့်ပါ။ ကလေးတွေကို ကျွန်ုပ်တို့ဘယ်လောက်ဟန့်တား ပိတ်ဆို့သလဲဆိုတာ။ ကြားရပါလိမ့်မယ်။ မိဘတစ်ယောက်က သူဘာပြောသလဲဆိုတာကို အလေးအနက်ထားပြီး ရည်ရွယ်ချက်ရှိရှိနဲ့ (ကလေးငယ်ရဲ့နားလို့ သဘောထားပြီး) နားထောင်ကြည့်ရင် သူကိုယ်တိုင်ထိတ်လန့်သွားပြီး အဲဒီ “မ ... ဘူး၊ ဟင့်အင်း” ဆိုတဲ့စကားကို ပြောင်းသုံးဖို့ ကြိုးစားလာနိုင်ပါလိမ့်မယ်”

“၃နှစ် သမီးလေး လိုင်ဆေး (Lisey) ဟာ မနေ့က နွားနို့တစ်ခွက်ကို ရေခဲသေတ္တာထဲက နွားနို့ပုလင်းထဲက ငှဲ့ထည့်ပါတယ်။ ပြီးတော့ သူ့ဘာသာသူသောက်တယ်။ ပြီးတော့ စားပွဲပေါ်မှာ ဖိတ်ကျနေတဲ့ နွားနို့တွေကို စက္ကူနဲ့သုတ်ပြစ်တယ်။ နွားနို့တွေက သူသုတ်တဲ့စက္ကူမှာ စုပ်ဝင်နေတာထက်ပိုပြီး မှောက်တာဖြစ်လိမ့်မယ်။ စားပွဲပေါ်ကနေပြီး ကြမ်းပေါ်ကိုစီးကျတာပေါ့။”

“အဲဒီအချိန်မှာပဲ ကျွန်ုပ်ကပြေးဝင်လာပြီး မလုပ်နဲ့၊ မလုပ်နဲ့လို့ ငြီးငြူတဲ့အသံနဲ့ ပြောလိုက်ပါတယ်။ “မလုပ်ရဘူး လက်ဆေး၊ နွားနို့သောက်ချင်ရင် တစ်ယောက်ယောက်ကို ထည့်ခိုင်းမှပေါ့။ ဒီလိုမလုပ်နဲ့။ ဒါတွေကိုလည်း သုတ်မပြစ်နဲ့။ ကြမ်းပေါ်ကျကုန်မှာပေါ့။ တော်တော့၊ မသုတ်နဲ့တော့။ မေမေလုပ်မယ်။ ကြည့်ပါဦး။ စားပွဲပေါ်မှာလည်း ပေကျံနေတာပဲ။ ခုတော့ ကြမ်းပေါ်ကိုပါ ဖိတ်ကျကုန်ပြီ။ မေမေ့ကို အလုပ်ရှုပ်အောင်လုပ်တာပဲ။”

“သမီးလေးကို ရုတ်တရက်လှည့်ကြည့်လိုက်တော့ ကလေးသေးသေးလေးဟာ ကြီးပြင်းလာဖို့ ခက်ခက်ခဲခဲ ကြိုးပမ်းနေရတာ။ သူ့ဘာသာ ကြိုးစားထည့်ပြီး သောက်ရမယ့်နွားနို့ ဖိတ်သွားတာကိုလည်း ကြိုးစားပြီးသုတ်နေရှာတာပဲ။ ဒါနဲ့ပဲ ကျွန်ုပ်က ‘လိုင်ဆေးရေ ခွေးလေး စပါ့ကဲလ် (Sparkle) က ဖိတ်နေတဲ့နွားနို့တွေကို ကြိုက်မှာပါ” လို့ပြောလိုက်ရတယ်။”

“လိုင်ဆေးကရပ်ပြီး ကျွန်ုပ်ကိုကြည့်နေပါတယ်။ နောက်ဆုံးတော့ ကျွန်ုပ်ဟာ ဟင့်အင်းဆိုတဲ့စကားအစား အဓိပ္ပါယ်ရှိတဲ့ စကားကိုပြောပြစ် လိုက်တာပါ။ အဲဒီစကား မပြောခင်အထ သူ့ကိုဟန့်တားတဲ့ စကားတွေကို သူကမသိဟန်ဆောင် နေခဲ့ပါတယ်။”

“ကျွန်ုပ်က စပါ့ဘဲလ် ပန်းကန်ကိုသမီးယူလာရင် နွားနို့တွေထည့်ပေးလို့ ရတာပေါ့” ဟုပြောတော့ သူမကချက်ချင်းပင် သွားယူပေးပါတယ်။ ချက်ချင်းဆိုသလို စပါ့ကဲလ်က နွားနို့ဘယ်လောက်ကြိုက်ကြောင်း သူကနွားနို့တွေကို ထည့်ပေးကြောင်း ရောက်တတ်ရာရာစကားတွေကို ရွှင်လန်းစွာပြောပြပါတယ်။ အဲနောက် သူစကားမပြောတော့ပါဘူး။ တကယ်တော့ ကျွန်ုပ်က “ကဲ မေမေက သမီးဖိတ်ထားတဲ့နွားနို့တွေကို ရှင်းနေတုန်း မီးဖိုချောင်ထဲက ထွက်နေစမ်း လိုင်ဆေး” လို့ ဆက်ပြီးတွန်းအားပေးရင် အငိုရပ်ချင်လည်း ရပ်သွားမယ်။ ဒါမှမဟုတ် နွားနို့တွေကို ထပ်မှောက်ချင်လည်း မှောက်ပြစ်နိုင်တယ်လေ။”

“ဒါပေမဲ့ ဒီလိုစိတ်မဆင်းရဲဘဲ ကိစ္စပြီးသွားတာမှာ ကျွန်ုပ်အနေနဲ့ သိပ်ပြီးစားစိုက်စရာ မလိုခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်က တကယ့်ကို စိတ်ပါလက်ပါ ပြောခဲ့လို့ပါဘဲ။ အခြေအနေကို ပြောင်းနိုင်အောင်ထိန်းချုပ်ဖို့မှာ ကျွန်ုပ်စိတ်ကအခုထိ အလိုမလိုက်ချင်သေးပါဘူး။”

## လူကြီးများကိုစမ်းသပ်ခြင်း

ကလေးများအကြောင်းကို ရေးသားလိုသူတိုင်းကဲ့သို့ပင် ဟားဘာ့တ်ခိုးလ် (Herbert Kobl) ကလည်း သူ၏ “သင်၏ကလေးများနှင့်အတူ ကြီးပြင်းခြင်း” ဟူသောစာအုပ်တွင် ကလေးများသည် ကန့်သတ်ချက်များကို ရှာဖွေလိုသဖြင့် လူကြီးများကို စမ်းသပ်လေ့ရှိကြကြောင်း ရေးသားထားသည်။ ကျွန်ုပ်အနေဖြင့် လုံးဝသဘောမတူပါ။ ကလေးများ ဤသို့တစ်ချိန်လုံး ပြုမူခြင်းအတွက်

မေးခွန်းထုတ်ရန် မလိုပါ။ ကလေးများက အဆိုပါအကြောင်းကြောင့် ဤသို့ပြုမူရမည်။ ဤသို့ပြုမူကြသည်ဟု ကျွန်ုပ်မယူဆပါ။ ကျွန်ုပ်တို့ကလည်း သူတို့အား ဤသို့စမ်းသပ်လည်း ခွင့်ပြုရမည်ဟု ကျွန်ုပ်မထင်ပါ။ အကယ်၍ ကန့်သတ်ချက်များ ရှာဖွေလို၍ သူတို့ဤသို့ ပြုလုပ်သည်ဆိုလျှင် မိသားစုဘဝနှင့် လူ့အဖွဲ့အစည်း၏ စည်းကမ်းများကို ထိုသို့စမ်းသပ်ရန် ပို၍ကောင်းမွန်သော နည်းလမ်းများစွာ ရှိပါသည်။

ကျွန်ုပ်၏ ကလေးများနှင့် ထိုသို့သောကိစ္စရပ်များစွာကို ကျွန်ုပ်တွေ့ကြုံပြီးကတည်းက ၅နှစ်လောက်ငယ်သော ကလေးများ ၃နှစ်ကလေးများပင်ဖြစ်စေ စမ်းသပ်ခြင်း၏ သဘောတရားကို နားလည်နိုင်စွမ်းရှိကြပြီး တစ်ဦးတစ်ယောက်ကိုဖြစ်စေ တစ်ဦးတစ်ယောက်ရှေ့တွင်ဖြစ်စေ မကြိုက်မုန်းသိလျက်နှင့် တစ်ခုခုကို ပြုလုပ်ခြင်းသည် အခြားသူများက မည်သို့ပြုလုပ်လေမည်နည်းနှင့် ထိုအရာသည် မကောင်းမှန်းကို နည်းလည်ရန် သိမြင်လိုသောကြောင့်သာ ဖြစ်သည်ဟု ကျွန်ုပ်ခိုင်မာစွာ ယုံကြည်ပါသည်။ ကလေးငယ်တစ်ဦးက ကျွန်ုပ်အားဤသို့ပြုမူလာလျှင် ကျွန်ုပ်က “ဖေဖေဘာလုပ်မလဲဆိုတာ သိချင်လို့ဖေဖေကိုစမ်းတာလား” ဟုမေးပါလိမ့်မည်။ ကလေးငယ်က “ဟုတ်ကဲ့” ဟုဖြေပါက “ဒါဆိုရင် ဒီကိစ္စကိုလုပ်တာ ဖေဖေမကြိုက်ဘူး။ လုပ်ဖို့သင့်တဲ့ကိစ္စ မဟုတ်ဘူး။ သားကိုလည်း မလုပ်စေချင်ဘူး။ သားဘာလုပ်မလဲဆိုတာ သိချင်ရုံနဲ့ သားကိုမဟုတ်တဲ့ကိစ္စကို ဖေဖေလုပ်ပြမှာ မဟုတ်ဘူး။ ပြီးတော့ ဖေဖေ့ကိုဒီလိုလုပ်တာလဲ သားအတွက်မသင့်တော်ဘူး” ဟုပြန်ပြောရပါလိမ့်မည်။

## “ဟုတ်ပြီနော်”

လူကြီးများက ကလေးများကို အပေါ်အင်္ကျီဝတ်စေချင်လျှင်ဖြစ်စေ တစ်ရေးအိပ်စေချင်လျှင်ဖြစ်စေ တစ်ခုခုပြုလုပ်စေချင်ပါက “ကဲ ကုတ်အင်္ကျီဝတ်ကြစို့၊ ဟုတ်ပြီနော်” သို့မဟုတ် “ကဲ တို့တွေ တစ်ရေးအိပ်ချိန်ရောက်ပြီ၊ ဟုတ်ပြီနော်” ဟုပြောလေ့ရှိပါသည်။ အဆိုပါ “ဟုတ်ပြီနော်” ဟူသော စကားကိုပြောခြင်းကား ဆိုးဝါးလှသည်။ ကလေးများနှင့် စကားပြောရာတွင် ဤသို့သောအသုံးအနှုန်းကို ပြောဆိုခြင်းအား စွန့်လွှတ်မည်ဆိုပါက ကျွန်ုပ်တို့နှင့် ကလေးများဘဝသည် ပို၍အဆင်ပြေလာပေလိမ့်မည်။ “ဟုတ်ပြီနော်” အသုံးအနှုန်း၏ပြဿနာမှာ ကျွန်ုပ်တို့က ကလေးများအား ရွေးချယ်ခွင့်တစ်ခု အမှန်တကယ်မပေးဘဲ ရွေးချယ်ခွင့်ပေးသရောင် သဘောမျိုးသက်ရောက်စေခြင်းပင် ဖြစ်ပါသည်။ စင်စစ် ကျွန်ုပ်တို့ကြံရွယ်ထားချက်တစ်ခုအား အမိန့်ပေးခြင်းပင်ဖြစ်ပြီး “ဟုတ်ပြီလား” ဟုပြောခြင်းဖြင့် ဆန့်ကျင်မှုနှင့် မလိုက်နာမှုကို ကျွန်ုပ်တို့ဖိတ်ခေါ်နေခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့က ရွေးချယ်ခွင့် အစစ်အမှန်ကို တကယ်ပေး မပေး ကလေးများအလွယ်တကူ သိရှိစေသောနည်းမှာ ကျွန်ုပ်တို့ပြောသည့်အတိုင်းလုပ်ရန် ငြင်းဆိုခြင်းပင်ဖြစ်ပါသည်။ ယင်းကား “ဖေဖေတကယ်ပြောတာလား” ဟုပြောခြင်းဖြင့် သူတို့နည်းလမ်းကို ဖေါ်ပြပါသည်။

“ဟုတ်ပြီနော်” ဟုပြောခြင်းသည် ယဉ်ကျေးပျူငှာသော သဘောမျှသာဖြစ်ကြောင်း လူကြီးအများစုက ယူဆကြသည်။ သို့သော် ယင်းကား ယဉ်ကျေးပျူငှာမှုကို သဘောပေါက်မှု လွဲမှားစေပါသည်။ သင်က တစ်စုံတစ်ဦးကို မည်သည့်ရွေးချယ်ခွင့်မျှ ကမ်းလှမ်းခြင်းမပြုဘဲ သင်ဘာဖြစ်စေချင်ကြောင်း သို့မဟုတ် ဘာလုပ်တော့မည်ဖြစ်ကြောင်းကို လုံးဝခိုင်မာစွာ ပြောဆိုခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေအချို့တွင် ၎င်းတို့၏အိမ်၌ ဆေးလိပ်မသောက်ရဟူသော စည်းကမ်းတစ်ရပ်ရှိသည်။ ကိုယ်တိုင်လည်း လေးလေးနက်နက် လိုက်နာသည်။ အိမ်ရှေ့တံခါး၏ အတွင်းဘက်တွင် “ဆေးလိပ်မသောက်ခြင်းအတွက် ကျေးဇူးတင်ပါသည်” ဟူသော ဆိုင်းဘုတ်တစ်ခုကိုလည်း ချိတ်ဆွဲထားသည်။ သို့သော် မကြာခဏဆိုသလိုပင် ဧည့်သည်တစ်ဦးက ထိုဆိုင်းဘုတ်ကို မမြင်၍ဖြစ်စေ၊ မေတ္တာရပ်ခံချက်တစ်ရပ်အဖြစ် ယူဆ၍ဖြစ်စေ ဆေးလိပ်ကိုမီးညှိလိုက်သည်။ ကျွန်ုပ်၏ သူငယ်ချင်းများက ထိုသူအားဆေးလိပ်သောက်လိုပါက အိမ်ရှေ့ဆင်ဝင်တွင် သောက်နိုင်ကြောင်း၊ သို့သော် အိမ်ထဲတွင်ဆေးလိပ်သောက်၍ မရကြောင်း ငြင်သာစွာအခိုင်အမာ ပြောလေ့ရှိကြသည်။ မည်သူမျှငြင်းဆန်ခြင်း မပြုသလို မည်သူမျှလည်း ထိုစည်းကမ်းကို ဖေါက်ဖျက်ခြင်းမပြုကြပါ။

## ဒေါသူပုန်ထခြင်း

ကလေးမျာ့းဒေါသူပုန်ထခြင်း အကြောင်းကိုရေးသားကြသော သူများသည် ၂နှစ်သားအရွယ်ကလေးတစ်ဦး၏ ဒေါသူပုန်ထခြင်းကိုဘာမျှအရေးမထားလောက်သော သဘောမျိုးရေးသားခြင်းမှာ မရှိသလောက်ရှားပါးသည်။ ကလေးများ၏ ဒေါသကြီးမှုသည် ဖလော်ရစ်ဒါကမ်းခြေကို ဟာရီကိန်းမုန်တိုင်းက လှဲကျင်းသုတ်သင်ပြစ်လိုက် သကဲ့သို့ အကျိုးကြောင်းမဆီလျှော်သော ဒေါသများဖြင့် ပျောက်ကွယ်ကြရသည်ဟု အလွယ်တကူပြောကောင်း ပြောနိုင်ပါသည်။ ကလေးငယ်များ၏ အကျိုးကြောင်း ဆီလျော်ပုံမရသော လွန်ကဲသည့် ဒေါသူပုန်ထမှုသည် သူတို့၏ဒေါသကို ဖြစ်ပေါ်စေသောကိစ္စ သို့မဟုတ် ပြောစကား သို့မဟုတ် သူတို့အားပြုလုပ်မှု တစ်ခုကြောင့် သာမကဘဲ ကျွန်ုပ်တို့တွင် ထိုကိစ္စမျိုးဖြစ်လာလျှင် ထိုသို့အပြောခံရလျှင် ထိုသို့အပြုခံရလျှင် ကျွန်ုပ်တို့အား ဒေါသဖြစ်စေသော အကြောင်းရင်းကြောင့်လည်း ဖြစ်ပါသည်။ အလွန်ပင်ကြင်နာမြတ်နိုးတတ်ပြီး အချစ်တတ်ဆုံး မိသားစုများထဲတွင်ပင် ၂နှစ်သားကလေးငယ်များသည်ပင်လျှင် မိဘများ၏နှုတ်ဖြင့်ဖြစ်စေ အပြုအမူဖြင့်ဖြစ်စေ တစ်နေ့လျှင်အကြိမ် ၁၀၀မက သတိပေးခံကြရသည်။ ဤသို့ဖြစ်ရခြင်းမှာ ကလေးများသည် ငယ်ရွယ်ခြင်း၊ အားငယ်ခြင်း၊ မသိခြင်း၊ ကိုးရိုးကားယားနိုင်ခြင်း၊ မိုက်မဲခြင်း၊ မယုံကြည်ထိုက်ခြင်း၊ ဒုက္ခပေး

ခြင်း၊ ဖျက်ဆီးတတ်ခြင်း၊ ညစ်ပတ်ခြင်း၊ နံစော်ခြင်း၊ မကြိုက်နှစ်သက်ခြင်း စသည့်တို့ကြောင့်လည်း ဖြစ်တတ်ပါသည်။

ယောကျာ်းကလေးတစ်ဦး ဂျေ (J) ၏မိခင်က သူ့သား၏ဒေါသပုန်ထမှုနှင့် ယင်းသို့ဒေါသပုန်ထခြင်းကို ရှောင်ကြဉ်ရေးအတွက် သူတို့နှစ်ဦး မည်သို့လေ့လာသိရှိပုံကို အောက်ပါအတိုင်းရေးသားထားပါသည်။

"ပစ္စည်းတွေကို စုဆောင်းပြီး ရှုတ်ပွနေအောင်ကစားတဲ့ ကလေးမျိုးတစ်ခါမှ မတွေ့ဖူးပါဘူး။ ရွှံ့ခြောက်တုံးတွေကို စုပြီးအိမ်ဆောက်တယ်။ နောက်ပြီး ကောက်ရိုးတွေကို စုစည်းပြီးတော့ အတန်းလိုက်စီတယ်။ ဒါမှမဟုတ်ရင်လည်း ကောက်ရိုးစည်းတွေနဲ့ ပုံစံတစ်ခုခုလုပ်တယ်။ အရုပ်ကားတွေကိုလည်း ဒီလိုပဲ။ တန်းစီထားလိုက် ဝိုင်းပတ်ထားလိုက်နဲ့။ အဲဒီထရပ်ကား အရုပ်ပုံတွေထဲက သူ့ကိုဆွဲထုတ်ပြီး နေ့လည်စာကျွေးမယ်ဆိုရင် သင်ပြောတဲ့ ၂နှစ်သားကလေးတစ်ဦးရဲ့ သဘောတရားအတိုင်း သူကအော်မယ်။ ဟစ်မယ်လေ။ ဒါပေမဲ့ အဲဒီပစ္စည်းတွေကို စနစ်တကျတန်းစီထားပြီး နေ့လည်စာစားမယ်လို့ပြောကာ အချိန်ပေးရင် အဲဒီပစ္စည်းတွေကိုစီပြီးတာနဲ့ နေ့လည်စာကို လိုလိုလားလား စားလိမ့်မယ်။ သင့်ရဲ့ ကလေးတွေကို လူကြီးတွေလိုပဲ ဆက်ဆံပါဆိုတဲ့ ဒဿနကတော့ တော်တော့်ကို အောင်မြင်ပါတယ်။"

## ဘဝကျောင်း

သူမရဲ့ဘဝမှာ ဘယ်လိုလေ့လာသင်ယူခဲ့တယ်ဆိုတာကို ဆယ်ကျော်သက်စာဖတ်သူတစ်ဦးကလည်း အောက်ပါအတိုင်း စိတ်ဝင်စားဖွယ်ရေးထားပါတယ်။

"သမီး ၇တန်းအရွယ်မှာ ၂နှစ်လောက်ကျောင်းထွက် နေခဲ့ရပါတယ်။ သမီးအနေနဲ့ နားလည်သဘောပေါက်မှု အသစ်တွေကို လေ့လာသင်ယူခဲ့ရပါတယ်။ တကယ်တော့ ၇တန်းမှာ တိုးတက်မှုဆိုလို့ ဘာမှမရှိခဲ့ပါဘူး။ ကျောင်းဆက်တက်နေမယ်ဆိုရင် အခုသမီး လေ့လာသင်ယူခဲ့ရတဲ့ ထူးခြားတဲ့အတွေ့အကြုံတွေကို ရမှာမဟုတ်ပါဘူး။ ကျောင်းမှကြ လက်တွေ့ဘဝဆိုတာ မရှိဘူးလေ။ ကျောင်းမှာ သင်ယူလို့မရတဲ့ လူကြီးတွေနဲ့ ဘယ်လိုဆက်ဆံရမယ်ဆိုတာကို သမီးကောင်းကောင်း လေ့လာနိုင်ခဲ့တယ်။ ပြောဆိုဆက်ဆံတတ်ခဲ့ပါတယ်။ ကျောင်းမှာ တစ်ခါမှမသင်ခဲ့ရတဲ့ လက်တွေကကျွမ်းကျင်မှု အတော်များများကိုလည်း သမီးသိရှိလာခဲ့ပါတယ်။"

"သမီးနဲ့ရွယ်တူ ချာတိတ်တွေကိုကြည့်လိုက်ရင် သမီးလုပ်သင့်တာကို လုပ်တာပဲလို့တွေးမိပြီး ဝမ်းသာမိတယ်။ သမီးအတွက် အံ့သြဖို့ကောင်းတဲ့ ကိစ္စတွေကို သမီးလုပ်တတ်ကိုင်တတ် လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စတွေကို လေ့လာဖို့အချိန်ရတဲ့အပြင် ဒီလိုလေ့လာရတာကိုလည်း သမီးကပျော်နေလို့ပဲ ဖြစ်ပါတယ်။

ဂျုဒ် ဂျယ်ရိုမီ (Jud Jerome) ကလည်း သူ့သမီး၏ "ဘဝကျောင်း" အတွေ့အကြုံကို ဤသို့ရေးသားပေးပို့ခဲ့ပါတယ်။

"ပြီးခဲ့တဲ့နှစ်က အစိုးရအသက်မွေးဝမ်းကျောင်းသင်တန်းကို သူလျှောက်ဖို့ကြိုးစားခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် အထက်တန်းအဆင့် ဒီပလိုမာတစ်ခုလိုအပ်နေလို့ပါပဲ။ ဒါကြောင့် လူကြီးတွေသင်တဲ့ ပညာရေးသင်တန်းတစ်ခုကို သူတစ်လ နှစ်လတက်ခဲ့တယ်။ စာမေးပွဲမှာ အဆင့်ကောင်းကောင်းနဲ့ အောင်တယ်။ (ကောလိပ်တွေက သူ့ကိုပညာသင်ဆုတောင် ကမ်းလှမ်းခဲ့ရပါတယ်။) သူဟာ သူနဲ့အတူကျောင်းနေဆဲဖြစ်တဲ့ ကျောင်းနေဘက်တွေထက် စောပြီးဘွဲ့ရခဲ့ပါတယ်။ သူ့လုပ်ရပ်က ကျောင်းမှာနေပြီး အချိန်ဖြုန်းနေခြင်းရဲ့အကျိုးမဲ့မှုကို သိသာထင်ရှားစေတယ်လို့ ကျွန်မထင်ပါတယ်။ သူကသိပ်ပြီး လေ့လာစူးစမ်းလိုတဲ့ စိတ်ရှိတယ်။ သူ့ကိုယ်သူလည်း သိတယ်။ တတ်တယ်လို့ယူဆမထားဘူး။ သူက နွားနို့ညှစ်ရတာ ဟင်းသီးဟင်းရွက်စိုက်ခင်းကို ပေါင်းသင်မြေဆွရတာနဲ့ မြင်းကျောင်းရတာတွေကို ကျောင်းစာထက်ပိုပြီး စိတ်ဝင်စားတယ်။ သူမအသက် ၁၃နှစ်နဲ့ ၁၈နှစ်ကြားကာလတွေမှာ တကယ့်မိန်းမကြီးတစ်ဦးလို ငြင်ငြင်သာသာလေး ကူးပြောင်းသွားတယ်။ ကျွမ်းကျင်မှုတွေလည်း အများကြီးရလာတယ်။ လူကြီးတွေရဲ့ အတွေ့အကြုံတွေကိုလည်း ရတဲ့အပြင် ကျောင်းစာအဆင့်အတန်းမှာလည်း ထူးထူးခြားခြား အောင်မြင်ခဲ့ပါတယ်။ ကျောင်းတက်နေဆဲဖြစ်တဲ့ သူ့အတန်းဖော်တွေနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါ သူတို့ဟာ ဦးနှောက်ကိုဖိစီး ခံနေကြရတယ်။ စိတ်ခံစားမှုဆိုင်ရာ အနှောင့်အယှက်တွေ ပြည့်နေတယ်။ သူတို့ဘဝမှာ ထူးခြားတဲ့ရည်မှန်းချက် ဒါမှမဟုတ် ပန်းတိုင် ဒါမှမဟုတ် တန်ဖိုးဆိုတာ ဘာမှမရှိသလောက်ပါပဲ။"

## ပကတိလောကရှိကျွမ်းကျင်မှုများ

၁၉၈၀ ပြည့်နှစ် ဧပြီလထုတ် နေအိမ်တွင်းပညာသင်ကြားသူများ စာစောင်မျက်နှာဖုံးပါ ဓာတ်လမ်းမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

"ကျွန်ုပ်တို့တွင် ကားမှန်သမျှကို ကျွမ်းကျင်စွာမောင်းနှင်တတ်သော ကလေးတစ်ဦး ထမင်းစားပွဲတွင် နွားနို့၊ ကြက်ဥနှင့် အသားများကို ကျွမ်းကျင်စွာ တည်ခင်းတတ်သော ကလေးတစ်ဦး အနုပညာလုပ်ငန်းကို လုပစွာခင်ကျင်းတတ်သော ကလေးတစ်ဦးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတွင် ဝါသနာထုံသော ကလေးတစ်ဦးတို့ ရှိကြပါသည်။"

"ကတ်ထရီနာ (Katrina) ဟာ နံနက်ပိုင်းနဲ့ မွန်းလွဲပိုင်းတွေမှာ သူမရဲ့မွေးမြူရေးခြံ အလုပ်တွေကို လုပ်ပါတယ်။ ဒါပေမဲ့ သူမရဲ့ကိုယ်ပိုင် လုပ်အားအတွက် အကျိုးခံစားခွင့် ရရှိပါတယ်။ မွေးမြူရေးအစာအတွက် ကောက်ရိုးနဲ့အခြားဝယ်ယူတဲ့ ပစ္စည်းအားလုံး

ကိုသူမမှတ်သားထားပါတယ်။ ဒီတော့မှ တိရစ္ဆာန်တွေကို ရောင်းလိုက်တဲ့အခါ သူရမယ့်အကျိုးအမြတ်ကို တွက်နိုင်မှာဖြစ်ပါတယ်။ ဒီအကျိုးအမြတ်ရဖို့အတွက် လူ့လုပ်အားကို ဘယ်နှစ်နာရီသုံးရတယ်။ ငွေကြေးဘယ်လောက် မြှုတ်နှံရတယ်ဆိုတာ သူမတွက်တတ်မှာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်ုပ်ကမွေးမြူရေးကို စိတ်ဝင်စားမှုနည်းသူတစ်ဦးတော့ မဟုတ်ပါဘူး။ ကက်ထရီနာမှာ ကျွန်ုပ်သင်ပေးနိုင်တဲ့ အတိုင်းအတာထက်ပိုပြီး တော်တဲ့စွမ်းရည်တွေ တိုးတက်လာတာကို ကျွန်ုပ်သိပါတယ်။ ဝက်တစ်ကောင်ကို စတင်မွေးချိန်ကစပြီး ဈေးကွက်တင်တဲ့အထိ တစ်ပတ်ကို တစ်လကို ဘယ်လောက်အစာကျွေးရသလဲ။ ဘယ်လိုတိရိစ္ဆာန်မျိုးဟာ အမြန်ဆုံး အကျိုးရှိနိုင်သလဲ။ မွေးမြူရေးခြံတစ်ခု လည်ပတ်ဖို့ အလုပ်ချိန်ဘယ်လောက်လိုသလဲ။ အဲဒီမေးခွန်းတွေကို ကျွန်ုပ်တစ်ခုမှ မဖြေတတ်ပေမဲ့ ကက်ထရီနာ ဖြေတတ်ပါတယ်။ ၁၁နှစ်သမီး ကလေးတစ်ဦးအနေနဲ့ လိုတာထက်ပိုပြီး ပြည့်စုံကျွမ်းကျင်နေပြီလို့ ကျွန်ုပ်ထင်ပါတယ်။"

"၇နှစ်သားလေး ဂျွန်ကတော့ သူ့မှာပစ္စည်းကိရိယာအစုံရှိတယ်။ ပါဝါလွှတို့ လွန်တို့ အပါအဝင်ပေါ့လေ။ လက်ရာမြောက်တဲ့ သစ်လုံးအိမ် အငယ်စားလေးကို တိုင်းတာဖြတ်တောက်ပြီး ဆောက်တတ်ပါတယ်။

"ကက်ဗင် (Kevin) ကလည်း သူငယ်တန်းကစပြီး သူရဲ့အသုံးအဆောင်ပစ္စည်းတွေကို ပြုပြင်တတ်ပါတယ်။"

"ကျွန်ုပ်ရဲ့ ပန်းကန်ဆေးစက်က ဝါရာကို ကလေးတွေလဲထားတာပါ။ ရေချိုးခန်းက မှန်ကူကွက်ပုံတွေဟာ ကလေးတွေတပ်ထားတာပါ။ အိမ်သာရေပိုက်ကိုလည်း ကလေးတွေပဲ တပ်ထားတာပါ။"

"သာမန်အားဖြင့် လူကြီးတွေနဲ့ အတတ်ပညာရှင်တွေသာ လုပ်နိုင်တဲ့ဒီလိုအလုပ်မျိုးတွေကို ကလေးတွေလုပ်တတ်လာအောင် ကျွန်ုပ်ဘယ်လိုများ စိတ်ရှည်ရှည်ထားပြီး ခွင့်ပြုတာလဲလို့ လူတွေကမေးကြပါတယ်။ သူတို့လုပ်တာကို သတိနဲ့စောင့်ကြည့်ပါတယ်။ ကလေးတစ်ယောက်ကို သူ့ရဲ့ဦးနှောက်က ခွင့်ပြုချက်ထက်ပိုပြီး တော်ရတတ်ရမယ်လို့ မျှော်လင့်မထားပါဘူး။ ကျွန်ုပ်ကအဆက်မပြတ် လက်တွေ့စမ်းသပ်တယ်။ သူတို့ရဲ့ သဘာဝကပေးတဲ့ စွမ်းရည်ကိုရှာဖွေတယ်။ ပြီးတော့ သူတို့အတောင်ပံနဲ့ သူတို့ဘေးကင်းစွာ ပျံတက်ခွင့်ပေးတယ်။ ဆိုပါစို့။ ပိုက်ဆက် ပိုက်ပြင် လုပ်ငန်းမှာ ကလေးတစ်ဦးက သူရဲ့စွမ်းရည်ကိုပြတယ်ဆိုရင် အယ်လ်ဘိုးတစ်ခုကိုယူပြီး ရေစိမ့်တဲ့နေရာမှာ ရေမစိမ့်အောင် သူ့ကိုတပ်ခိုင်းတယ်။ နောက်တစ်ကြိမ်မှာတော့ ပိုက်ခေါင်းပြင်ခိုင်းတယ်။ ဒါမှမဟုတ် အိမ်သာပိုက်ပြင်ခိုင်းတယ်။ ဟော နောက်တစ်ခါကျတော့ ရေပန်းတပ်ခိုင်းတယ်။ ဒီလိုနဲ့ပဲ ကလေးဟာ ရေချိုးခန်းတစ်ခုလုံးရဲ့ ပိုက်ဆက် ပိုက်ပြင်ကိစ္စအားလုံးကို ကျွမ်းကျင်သွားတယ်။ ကျွန်ုပ်ရဲ့ ၁၃နှစ်သားကလေးကို တစ်အိမ်လုံးအတွက် ပိုက်ဆက်ပိုက်ပြင်လုပ်ငန်းကို ခိုင်းမယ်ဆိုရင်တောင် မပြီးစီးမှာ မအောင်မြင်မှာကို သံသယမဖြစ်မိဘူး။ နောက်ဆုံးသူဟာ ရှစ်နှစ်သားကတည်းက လျှပ်စစ်ရဲ့သဘောကို စူးစမ်းလာခဲ့တယ်။ အခုဆိုရင် ကျွန်ုပ်ရဲ့သမီး ကေသီ (Cathy) ဟာ (၁၉နှစ်သမီး) သူ့အိပ်ခန်းတစ်ခုလုံးကို ပိုက်ပြင် ပိုက်ဆက်တာကို ပလတ်စတာကိုင်တာ နံရံကပ်စာရွက်အနေနဲ့ အလှဆင်တာ လက်သမားလုပ်တာအားလုံး သူ့ဘာသာသူ လုပ်တာချည်းပါပဲ။"

## အလုပ်နှင့်ရှင်သန်နေထိုင်ခြင်း

ဘီလ်မက်ဘာလ်ဝိန်း (Bill McElwain) သည် ဟားဗတ်ကျောင်းထွက်တစ်ဦးဖြစ်ပြီး ပြင်သစ်ဘာသာကို သင်ကြားသူဖြစ်သည်။ သူသည် မွေးမြူရေးလုပ်ငန်း မအောင်မြင်၍ ဝက်စ်တန်သို့ပြောင်းရွှေ့လာခဲ့သည်။ ဝက်စ်တန်တွင် လေလွင့်ဆုံးရှုံးသွားတော့မည့်မြေဩဇာကောင်းသော မြေကွက်မြေရိုင်းများကို သူတွေ့ခဲ့ရသည်။

ထိုဒေသရှိ ဆယ်ကျော်သက်များသည် ဘောလုံးကစားခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ပြဇာတ်ကြည့်ခြင်း သို့မဟုတ် ပျင်းရိနေခြင်း တို့ဖြင့်သာ အချိန်ကုန်နေကြသည်။ သူ ဝက်စ်တန်တွင် ရှိနေစဉ်တွင် ရောက်စ်ဘာရီ (Roxbury) မှဆင်းရဲသော မြို့သူမြို့သားများ သည်အစားအစာကို ဈေးကြီးပေး၍ စားသုံးနေကြရသည်ကိုလည်း သူတွေ့ခဲ့ရသည်။

၁၉၇၀ ပြည့်နှစ် ဧပြီလတွင် ဘီလ်သည် လက်သုံးပစ္စည်းကိရိယာမျာ ငှားရမ်းပြီး မျိုးစေ့များနှင့် မြေဩဇာများကို အလှူခံခဲ့သည်။ စိတ်ပါဝင်စားသူများ၏ အကူအညီဖြင့် မြေတစ်ဧကခန့်တွင် အသီးအနှံများ စိုက်ပျိုးပြီး ထွက်ကုန်များကို ရောက်စ်ဘာရီသို့ ထရပ်ကားဖြင့် သယ်ယူကာ ကလေးသူငယ်များ အာဟာရစီမံချက်နှင့် အိမ်ရာစီမံကိန်းတို့သို့ အခမဲ့ဝေငှပေးခဲ့သည်။ ဌာနခံများက အလှူငွေများကောက်ခံ စုဆောင်းပြီးစိုက်ပျိုးရေးလုပ်ငန်းသို့ ပြန်လည်ထည့်ဝင်ခဲ့ကြသည်။

တစ်နှစ်အတွင်းမှာပင် ဝက်စတန်လူငယ်ကော်မရှင်အသစ်၏ ညွှန်ကြားရေးမှူးအဖြစ် ဘီလ်ကိုငှားရမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်တွင်ထိုမြို့အား လယ်ယာမြေများဝယ်ယူရန် သူကတိုက်တွန်းခဲ့သည်။ သူကလုပ်ငန်းငယ်ကလေးနှင့်ပင် စတင်လှုံ့ဆော်ခဲ့သော်လည်း ထိုမြို့ကို အဆက်မပြတ် ထောက်ပံ့ရေးခိုင်မာစေရန်အတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှာ ပုဂ္ဂိုလ်များသည် သူ၏လုပ်ငန်းတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာခဲ့ကြသည်။ လူငယ်များစွာတို့သည် လယ်ယာစိုက်ပျိုးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ဟင်းသီးဟင်းရွက် ရောင်းရငွေ (ဘော့စတွန်တွင်သာမန်အားဖြင့် သစ်သီးတစ်ခြင်းလျှင် တစ်ဒေါ်လာ) များထဲမှ အလုပ်သမားများကို လုပ်အားခပေးခဲ့သည်။ ထိုမြို့မှ သူ၏စီမံချက်သို့ ငွေကြေးနှင့်ပစ္စည်းကိရိယာများ ပိုမိုထည့်ဝင်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ်တွင်မူ ထိုလယ်မြေမှ တစ်နှစ်လျှင် ဟင်းသီးဟင်းရွက်တန်ချိန် တစ်ရာအထိထုတ်လုပ်လာနိုင်ခဲ့သည်။ ထွက်ကုန်၏ ၂၅% ကိုဒေသတွင်ပင်ရောင်းပြီး ကျန်ထွက်ကုန်များကို ဘော်စတွန်သို့တင်ပို့ခဲ့သည်။

ထိုမြို့က လယ်ယာမြေများကို ဝယ်ယူလိုက်သောအခါ ဘီလ်၏အသက်မှာ ၅၀ရှိပေပြီ။ သူသည် လူငယ်ကော်မရှင်၏ စီမံကိန်းဒါရိုက်တာအဖြစ် တာဝန်ယူဆဲဖြစ်ပြီး ဝက်စတန်တောင်း ခရိုင်ယာ (Weston Town Crier) တွင် လူငယ်များပါဝင်ဆောင်ရွက်

ရေးအတွက် လှုပ်ရှားမှုများစွာကို ဆောင်းပါးများရေးသား ဖော်ပြလျက်ရှိသည်။

ဥပမာအားဖြင့် ဆောင်းဦးရာသီတစ်ခုတွင် ဝက်စတန်လမ်းဘေးရှိ မေပယ်လ်ပင် (သကြားပင်မျိုး) ဖ၀၀ခန့်ကို ရေတွက်ကြည့်ခဲ့သည်။ တစ်နှစ်ခွဲခန့်အတွင်းတွင် သူနှင့်သူ၏အဖွဲ့က အလယ်တန်းကျောင်းအနီးတွင် သကြားစက်ရုံတစ်ရုံကို (ဒေသခံသစ်စက်များမှ ထွက်သောထင်းရှူးသားများကို အသုံးပြု၍) ဆောက်လုပ်ခဲ့ကြသည်။ ထိုနောက် ပုံးများ၊ ဘုံဘိုင်ခေါင်းများ၊ အငွေ့ပျံပစ္စည်း ကိရိယာများကိုတောင်းခံပြီး အဆင့်မြင့် မေပယ်လ်ဖျော်ရည် ဂါလံ ၂၅၀ကို ထုတ်လုပ်ခဲ့ကြသည်။ ထို့ပြင် သစ်တော်သီးဖျော်ရည်ညှစ်ခြင်း၊ သစ်သီးခြံများပြုပြင်ခြင်း၊ လောင်စာထင်းဖြတ်ခြင်း၊ တွန်းလှည်းပြုလုပ်ခြင်း၊ နက္ခတ်ကြည့်မျှော်စင် ကလေးတစ်ခုပြုလုပ်ခြင်းတို့ကိုလည်းဆောင်ရွက်ခဲ့ကြသည်။

သူ၏စီမံကိန်းသည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ထိုသို့သောလုပ်ငန်း အမျိုးအစားများစွာ ဆက်စပ်ပါဝင်လေ့ရှိသည်။ သူတို့ဥည် လူငယ်များအား ပညာပေးသော၊ ပညာရေးနှင့်ဆိုင်သော လူမှုရေးအရအသုံးဝင်သော ပျော်ရွှင်ဖွယ်အလုပ်အကိုင်များကို ဖန်တီးပေးခဲ့သည်။ ထိုသို့ဖန်တီးရာတွင် အရင်းနည်းနည်းသာလိုအပ်ပြီး ဒေသထွက်ပစ္စည်းများကို ရနိုင်သမျှအသုံးပြုပြီး မည်သူမျှငြင်းဆန်၍မရသော လုပ်ငန်းကလေးများကို စီစဉ်အကောင်အထည်ဖော်ခဲ့သည်။ အများနှင့်ဆိုင်သော ပြဿနာများကို ပျော်ရွှင်စွာစုပေါင်းဖြေရှင်းရာတွင် လူပေါင်းစုံပါဝင်ဆောင်ရွက်နိုင်ရန် ဖန်တီးပေးခဲ့ကြသည်။

## နေအိမ်တွင်းရှိဇာတ်လမ်းများ

မြို့ပြင်တွင်နေသော ကလေးများဖြစ်စေ ကျေးလက်တွင်နေသော ကလေးများဖြစ်စေ သူတို့ကိုယ်တိုင် တစ်စိတ်တစ်ပိုင်း ပါဝင်နေကြသည့် ဇာတ်လမ်းများကို စိတ်ဝင်စားကြပါသည်။ သူတို့နေ့စဉ် လုပ်ကိုင်ဆောင်ရွက်နေမှုများမှ ဇာတ်လမ်းများစွာ ဖန်တီးနိုင်ပါသည်။ ကလေးများ၏အကြောင်းကို ဂဃနဏ သိနေသောမိဘများ သို့မဟုတ် လူကြီးများက ကလေးများအကြောင်းကို ဇာတ်လမ်းဆင်ရင်ပုံပြင်ဖန်တီးနိုင်ပါသည်။ အဆိုပါ ပုံပြင်ဇာတ်လမ်းများသည် ပြေပြစ်မှုမရှိသည့်တိုင် ကလေးများအတွက် ရေးသားထားသည့် ပုံပြင်စာအုပ်အများစုထက် ပို၍စိတ်ဝင်စားဖွယ် ကောင်းပါသည်။

## ပန်းချီဆရာကလေး

ဖခင်တစ်ဦးက အရွယ်နှင့်မလိုက်အောင်တော်သော ပန်းချီဆရာကလေးအကြောင်းကို ဤသို့ရေးသားထားပါသည်။

"အမ် (M) ဟာ ဖလသမီးကတည်းက ပန်းချီစပြီးဆွဲပါတယ်။ သူဆွဲသမျှ အားလုံးကို အရေးကြီးကိစ္စလို သဘောထားပါတယ်။ တစ်နှဏ်သမီးလောက်ကျတော့ သူနဲ့အရွယ်တူ ကလေးတွေထက် ပိုပြီးပန်းချီဆွဲတတ်လာပါတယ်။ ပို၍တော်လာပါတယ်။ သူများထက်ပိုပြီးကောင်းအောင် လုပ်နိုင်တာ သူ့ဝန်းကျင်မှာရှိတဲ့ ပန်းချီတော်ပါတယ်ဆိုတဲ့ လူတွေထက်ပိုပြီး တော်အောင်ဆွဲနိုင်တာကို သိလာတော့ သူမ ပိုပြီးသတ္တိရှိလာပါတယ်။ ပန်းချီဆွဲရာမှာ ဒီလိုစိတ်ဓါတ်မျိုးရှိတော့ တခြားနေရာတွေမှာလဲ ခက်ခဲတာကို အောင်မြင်အောင် ကြိုးစားကြည့်ချင်တဲ့စိတ် ပြီးမြောက်အောင်လုပ်ချင်တဲ့စိတ်တွေ ပေါ်လာပါတယ်။"

"တစ်နှစ်သမီးမှာ သူ့ကိုပန်းချီဆွဲတဲ့ အောင်နဲ့ပန်းချီးဆေးတွေ ပေးပါတယ်။ ၂နှစ် မြောက်မွေးနေ့မှာတော့ သူလိုချင်နေတဲ့ အဆိပ်မသင့်စေတဲ့ ပန်းချီကားဘူးလေး လက်ဆောင်ရပါတယ်။ အမ်ဟာ ကလေးတွေဆွဲတဲ့ ပန်းချီမျိုးမဟုတ်တဲ့ ပန်းချီကိုဆွဲတဲ့ ကလေးပန်းချီပညာရှင် ဖြစ်နေတာကို ကျွန်တော်တို့ အံ့သြစွာတွေ့ရှိခဲ့ပါတယ်။ သူ့ပန်းချီတွေက ကလေးပန်းချီပြပွဲမှာ ခင်းကျင်းပြသဖို့ပ တော်တော်ကောင်းပါတယ်။"

"ကလေးတွေရဲ့ မူလဗီဇစိတ်ကူး စိတ်သန်းတွေဟာ လူမှုရေးအယူအဆဖြစ်စဉ်တွေရဲ့ ဖျက်ဆီးတာကိုခံနေကြရပြီး လူကြီးပန်းချီဆရာတွေလိုပဲ အဲဒီစိတ်ကူးတွေပြန်ရဖို့ သူတို့လည်းရုန်းကန်ကြိုးစား ကြရတယ်ဆိုတာကို သတိပြုမိခဲ့ပါတယ်။ ဒီလိုဖြစ်လာဖို့ကတော့ ကျောင်းကထွက်လိုက်ဖို့ပါပဲ။ သူတို့ရဲ့ ကလေးအနုပညာတွေကို အစစ်အမှန်လို့မမြင်ဘဲ လောင်ပြောင်ခံရမှာကို ကြိုတင်ကာကွယ်ဖို့ပါပဲ။ တကယ်လို့ အမ်ကိုအချိန်ပြည့် ကျောင်းနေဖို့တွန်းအားပေးခဲ့ရင် သူ့ပန်းချီကားတွေဟာ လက်ရာမမြောက်ဘဲ စိတ်ဝင်စားဖို့လည်း ကောင်းမှာမဟုတ်ပါဘူး။ သူ့ပန်းချီကားတွေကို ကလေးဆွဲတာပဲ။ သိပ်မဟာန်ပါဘူးဆိုပြီး ပြစ်ပယ်ခံရမှာပေါ့။"

"အမ်ဟာခြွင်းချက်မရှိ ပါရမီထူးတဲ့ကလေးဆိုတာကို ကျွန်တော်ယုံပါတယ်။ ဒါပေမဲ့ ဂျပန်နိုင်ငံ ဆူဇူကီးကျောင်းက ၄နှစ် ၆နှစ်သား ကျောင်းသားလေးတွေဟာ ဘက်ချ် (Bach) တို့ ဘိုင်ဗယ်ဒီ (Vivaldi) တို့လိုပညာရှင်တွေရဲ့ တေးသွားတွေကို တကယ်လို့ မှန်မှန်ကန်ကန် တီးနိုင်စွမ်းရှိတယ်လို့ ကြားပြီးမှ ဒီလိုယုံကြည်ချက်မျိုး ဝင်လာတာပါ။ တချို့ကလေးတွေလည်း သူတို့ရဲ့စွမ်းရည်တွေကိုကျယ်ကျယ်ပြန့်ပြန့် အလေးထားပြီး စွမ်းဆောင်ခွင့်ပေးရန် ဒီလိုပဲတူညီတဲ့ အလှတရားနဲ့စွမ်းအားတွေ ရနိုင်ကြပါတယ်။"

## ရှာဖွေတွေ့ရှိခြင်း

"လေ့လာသင်ယူခြင်း" ဟူသည် ကျောင်းတွင်ဘာတွေဖြစ်သည်၊ သို့မဟုတ် ဘာတွေဖြစ်နိုင်သည်ဟူသော အဓိပ္ပါယ်ကိုလေ့လာခြင်းဟု လူအများကပြောကြလျှင် ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တို့အသက်ရှင်နေထိုင်မှု၏ သဘာဝအစိတ်အပိုင်း တစ်ရပ်အဖြစ် ကျွန်ုပ်တို့လူသားများ ပြုလုပ်နေကြသည့် အခြားစကားလုံး တစ်ခုကိုဖေါ်ပြနိုင်ပါသည်။ "ရှာဖွေတွေ့ရှိခြင်း" ဟူသောစကားက ပို၍အံဝင်ခွင်ကျဖြစ်ပုံရပါသည်။ ထိုသို့သော စဉ်ဆက်မပြတ်ဖြစ်စဉ်ကို စာဖတ်သူတစ်ဦးက ဤသို့ပြောပြပါသည်။

"တကယ်တော့ လူတစ်ဦးတစ်ယောက်ရဲ့ သင်ကြားနိုင်စွမ်းပါပဲ။ ကျွန်ုပ်ရဲ့အလုပ်ရှင်က 'ဒီဝန်းကျင်မှာတို့တွေ အများကြီးသိနေတယ်လို့ ယူဆကြတယ်။ တို့တွေအောင်မြင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ တို့ရဲ့မသိမှုကို စတင်ဝန်ခံပြီးတဲ့အခါ အဲဒီမသိမှုကို ကျော်လွှားအောင် ကြိုးစားလို့ပဲ'လို့ပြောခဲ့ပါတယ်။"

"လူတွေက ကျွန်တော့်ကိုသိပ်ပြီး တတ်သိနားလည်တယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ သာမန်အဆင့် ဒါမှမဟုတ် သာမန်အဆင့်ထက်နည်းတဲ့ အသိပညာပဲရှိပါတယ်။ ကျွန်တော်ပြောခဲ့သလိုပေါ့။ နောက်ထပ် ဘာကိုသိဖို့လိုသေးလဲဆိုတာ ကျွန်တော်သတ်မှတ်တယ်။ ရှာဖွေတယ်။ ကိုယ့်ကိုယ်ကိုအားကိုးခြင်းက အသိပညာကို အတတ်ပညာကို ချက်ချင်းရယူဖို့ ကျွန်တော့်ကိုလမ်းပြပါတယ်။ လူတွေဟာ အသိပညာကို သံသယဖြစ်ဖွယ်မရှိတဲ့ ရည်မှန်းချက်အမျိုးအစားထက်ပိုပြီး အရေးကြီးတဲ့စစ်မှန်တဲ့ ပန်းတိုင်နဲ့ဆက်စပ်နေမှုလို့ သဘောပေါက်ထားရင် အဲဒီအသိပညာကို ဘယ်လိုရယူရမလဲဆိုတာ သူတို့သိရှိလာကြမှာပါ။" အလွတ်သင်ပညာရေးအတွက် ဆရာတွေမလိုပေမဲ့ ကိုယ်တိုင်သင်ယူရေးအတွက် လိုအပ်တဲ့အရင်းအမြစ်တွေတော့ ရှိရပါလိမ့်မယ်။ "

## သင်ကြားမှုစက်၏တိုးတောင်းပျော်ရွှင်ဖွယ်ဘဝ

စန်တာဖီကွန်မြူနတီကျောင်း (Santa Fe Community School) စတင်ဖွင့်လှစ်သောအခါ တီထွင်သူလူငယ်တစ်ဦးက သူ၏ "သင်ကြားမှုစက်များ" ကိုဈေးကွက်တင်သည့်အနေဖြင့် ထိုကျောင်းသို့သင်ကြားမှု စက်တစ်ခုကို ငှားရမ်းခဲ့သည်။ ကလေးများက ထိုစက်၏ခလုတ်များကို အလှည့်ကျနှိပ်၍ ကတ်ပြားများပေါ်ရှိ မေးခွန်းများကို ဖြေရသည်။ ဖြေဆိုသည့်အချိန်မှာ ခဏမျှသာကြာပါသည်။ ထိုနောက် ကလေးများက "သေတ္တာကိုဖွင့်ပါတော့။ အထဲမှာဘာရှိသလဲ သိချင်လို့" ဟူ၍ ပြောကြပါသည်။ သေတ္တာ၏ရှေ့တံခါးကိုဖွင့်လိုက်သောအခါ လည်ပတ်နေသော စည်ပိုင်းတွင်တပ်ထားသည့် ကတ်ပြားများကို တွေ့ရသည်။ ထိုကတ်ပြားများတွင် အပေါက်ကလေး ၅ခုစီပါရှိပြီး အဖြေမှန်အပေါက်နှင့် ကိုက်ညီစေသော သတ္တုပလပ်တစ်ခုလည်း ပါရှိသည်။

ကလေးများက တစ်မိနစ်ခန့်မျှ လေ့လာပြီး ကတ်ပြားများဖြင့် ဖြေဆိုရန်ကြိုးစားကြသည်။ ကလေးတစ်ဦးက သူ၏ကတ်ပြားဖြင့် စက်ကိုနှိုးပြီး အဖြေမှန်ခလုတ်ကို နှိပ်ရသည်။ နောက်ကလေးတစ်ဦးကလည်း ထိုသို့ပင်ဖြေဆိုကြည့်သည်။ ထိုနောက် အချင်းချင်းနေရာလဲကြသည်။ ထိုကစားနည်းကို တစ်ရက်နှစ်ရက်ခန့် သင်ကြားသည်။ ယင်းနောက် ကလေးများက စက်၏လုပ်ဆောင်ပုံအားလုံးကို နားလည်သွားကာ တဖြည်းဖြည်း ငြီးငွေ့လာကြသည်။ စက်နားမှခွာပြေးကြကာ တို့ထိ၍ပင်မကြည့်ကြတော့ပါ။

ထိုအဖြစ်အပျက်က ကလေးများ၏ သဘာဝအမှန်ကို ကျွန်ုပ်တို့အားပြောပြခဲ့ပေသည်။ ကလေးများကား သိုးကလေးများ၊ ခိုကလေးများ၏ အသိဉာဏ် သဘာဝနှင့်မတူပါ။ သိုးများ ခိုများကား သံသယမရှိတတ်။ သင်ကြားရလွယ်ကူသည်။ စက်တစ်ခုမှ မီးစိမ်းလင်းနေသည့်တိုင် သို့မဟုတ် အစာတစ်ခုထွက်လာသည့်တိုင် စက်ကိုပျော်ရွှင်စွာဆော့ကစား တတ်ကြသည်။ ကလေးများက ဤသို့မဟုတ်ပါ။ ထိုကလေးများကဲ့သို့ပင် စက်ကမည်သို့ လည်ပတ်လုပ်ဆောင်ကြောင်း ကျွန်ုပ်တို့လည်းစူးစမ်း ရှာဖွေချင်ကြသည်။ ပြီးလျှင် စမ်းကြည့်မည်။ မည်သို့ဖြစ်ပျက်သနည်းဟူသည်ကို စူးစမ်းပြီး ထိုသို့ဖြစ်ပျက်အောင် လုပ်ဆောင်ကြသည်။ ကျွန်ုပ်တို့ကား ဤကဲ့သို့သော သတ္တဝါမျိုးများပင်တည်း။ ကျွန်ုပ်တို့အား ကြက်ကလေး ငှက်ကလေး ခွေးကလေး ကြောင်ကလေးကဲ့သို့သော သဘောထားသော သင်ယူခြင်း သို့မဟုတ် သင်ကြားခြင်း အယူအဆများကား အဓိပ္ပါယ်မရှိပေ။ ထိုအယူအဆမျိုးကား အဆုံးမသတ်နိုင်သော ပျက်သုန်းမှုနှင့် ဆုံးရှုံးမှုကိုသာ ဖြစ်စေတတ်ပါသည်။

## ဘာသာစကားတစ်ခုကိုလေ့လာသင်ယူခြင်း

ကျွန်ုပ်၏ဖခင် အငြိမ်းစားယူပြီးသောအခါ ကျွန်ုပ်တို့မိသားစု နှစ်တိုင်းနှစ်တိုင်း မက္ကဆီကိုတွင် နှစ်ဝက်စီနေကြရသည်။ ဖခင်မှာ ကောလိပ်ကျောင်းထွက် တစ်ဦးဖြစ်ပြီး သူ့အနေဖြင့် စပိန်ဘာသာစကား သင်ရမည်ဟု ကြွေးကြော်လာခဲ့သည်မှာ ဖနှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ မိခင်ကြီးမှာမူ ကောလိပ်ကျောင်းလည်း မတက်ဖူးသည့်ပြင် စပိန်ဘာသာစကားကို သင်ရမည်ဟူ၍ ဖခင်ကြီးကဲ့သို့ အလေးအနက်ထားသူမဟုတ်ပေ။ သူမက သူမဝန်းကျင်ရှိလူများနှင့် စကားပြောတတ်လိုခြင်းသာ ဖြစ်သည်။ သူမက ဝတ္ထုပစ္စည်းများ၏ အမည်များကို မေးသည်။ လူများက သူမသိချင်သော အမည်များကို စပိန်လိုပြောပြသည်။ အသံထွက် သို့မဟုတ် သဒ္ဒါမှားလျှင် ပြင်ပေးကြသည်။ သို့ဖြင့် သူမကိုလူတွေက ပို၍နားလည်လာကြပြီး သူတို့တတ်နိုင်သမျှ ကူညီပေးကြသည်။ မကြာခင်မှာပင် သူမသည်မည်သည့်

အကြောင်းအရာကိုမဆို လူများနှင့်စပိန်လို လွယ်ကူချောမွေ့စွာ ပြောတတ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် သူ့ကိုယ်သူစပိန်ဘာသာစကားကို သဒ္ဒါနည်းကျစွာ ဋ္ဌာန်ကရိုဏ်းကျစွာ ပြောတတ်အောင်သင်မည်ဟု ကြွေးကြော်ထားသောဖခင်ကြီးမှာ သူ့အနားတွင်စနစ်တကျပြောတတ်သော သူများ၌နေသည့်တိုင် မက္ကဆီကိုတွင် နေသည့်ကာလတစ်လျှောက် တစ်နှစ်လျှင်စကားလုံး ၂၀ထက်ပို၍ သင်ယူနိုင်ခြင်းမရှိခဲ့ပေ။ သူသည် ကျောင်းစာသင်ယူသကဲ့သို့ပင် မှားမည်ကိုဖြစ်စေ အမှားလုပ်မိမည်ကိုဖြစ်စေ သူ့အားမိုက်မဲသည်ဟု ယူဆခံရမည်ကိုဖြစ်စေ စိုးရွံ့စိတ်ကဖိစီးနေသည်။ သူကမူ မိခင်ကြီးကဲ့သို့မဟုတ်ဘဲ လူ့အဆက်အသွယ်များနှင့် ကင်းလွတ်နေပြီး သူ့ကိုယ်သူလေ့လာသင်ယူရမည်ဟု သိနေသော်လည်း လေ့လာသင်ယူရန် အသက်ကြီးသွားပြီဟု ပြောရင်းအကြောင်းပြနေသောကြောင့် ဖြစ်ပါသည်။

## ဂီတပညာလေ့လာသင်ယူခြင်း

ထင်ရှားကျော်ကြား လူသိများလှသော ဟန်ဂေရီယန်နှင့် ဆလိုဗက်ဂျစ်ပဆီများတွင် ဂီတအစဉ်အလာ ကြီးမားကြသည်။ အဆိုပါရိုးရာ ဂီတပညာရှင်ကြီးများက ကျွမ်းကျင်သောဂီတပညာရှင်များ အထူးသဖြင့် တရောပညာရှင်များကို မွေးထုတ်ခဲ့ကြသည်။ သူတို့သည်ဂီတပညာကို သင်ကြားမှုနည်းစနစ် သင်ခန်းစာ သို့မဟုတ် လေ့ကျင်ခန်းများမရှိဘဲ ကလေးငယ်တစ်ဦး လမ်းလျှောက်သင်သကဲ့သို့သင်ယူကြသည်။ မည်သည့်ဂီတသင်္ကေတကိုမျှ အသုံးမပြုကြချေ။ ဂျစ်ပဆီလူငယ်တစ်ဦးသည် တရောသေးတစ်လက်ကိုပေးကာ ဂျစ်ပဆီတီးဝိုင်းတွင် ပါဝင်စေသည်။ သူ့ကိုမည်သူကမျှ ရှင်းပြခြင်း၊ အမှားပြင်ပေးခြင်း မရှိကြပါ။ သူ့အတွက်လည်း မည်သူကမျှ အနှောင့်အယှက်မဖြစ်ကြပါ။ အဘယ်ကြောင့်ဆိုသော် သူ၏မရွံ့မရဲတရောသံကို ကြားရခဲ၍ဖြစ်သည်။ သူက သူများ၏ဂီတသံကို နားထောင်သည်။ သူကြားသည့် ဂီတသံကိုအဆက်မပြတ် လေ့ကျင့်သည်။ တဖြည်းဖြည်းမှန်ကန်လာပြီး သံစဉ်အတိုင်းတီး ခတ်နိုင်လာသည်။ နှစ်အနည်းငယ် အတွင်းမှာပင် တရောကိုပိုင်နိုင်ကျွမ်းကျင်စွာ ထိုးတတသော ဂီတအဖွဲ့ဝင်တစ်ဦးအဖြစ် တိုးတက်လာခဲ့သည်။

အဆိုပါ ဂျစ်ပဆီကလေးငယ်များသည် မွေးရာပါ ပါရမီရှိသူများ ဖြစ်ပါသလား။ မဟုတ်ပါ။ ကလေးတိုင်းပင် သူတို့ပြုလုပ်သည့်အရာတိုင်း၌ ကျွမ်းကျင်ပြည့်စုံနိုင်ပါသည်။ ဂီတအဖွဲ့က ဆရာအဖြစ်သင်ကြားသည်။ ဂီတဘာသာစကားကို တပည့်များအား ဂီတဖြင့်ပင်သင်ကြားပေးသည်။ သင်ကြားကာစ လက်သင်တပည့်တစ်ဦးသည် ဂီတအဖွဲ့ထဲသို့ ပါဝင်သည်နှင့် တပြိုင်နက် အထောက်အကူအပြုဆုံးသော ဂီတနယ်နှင့် စိတ်ပညာနယ်ထဲသို့ ရောက်ရှိသွားပြီး ရောက်ရှိကာစကာလတွင်ပင် ဂီတလူ့ပ်ရှားမှု ချဉ်းကပ်နည်းကို မှန်ကန်စွာတွေ့ရှိခဲ့ပေသည်။

အခြားသော အနုပညာရှင်များကဲ့သို့ပင် နာမည်ကြီးတရောပညာရှင် မီလ်စတန်း (Milstein) ကလည်း ဆရာ၏ကဏ္ဍကိုချဲ့ကားလွန်းသည်ဟု သံသယဝင်ခဲ့သည်။ ဆရာတစ်ဦးသည် များစွာကူညီပံ့ပိုးမှု မပြုနိုင်ပါ။ ဆရာများစွာသည်လည်း ထူးကဲစွာအထောက်အပံ့ မပြုနိုင်ပါ။ လူငယ်များက ဆရာတစ်ဦးထံသို့သွားလျှင် ထိုဆရာကသူတို့အား မည်သို့တီးခတ်ရမည်ကို ပြောပြလိမ့်မည်ဟုယူဆလေ့ရှိကြသည်။ မဟုတ်ပါ။ မည်သူကမျှ သင့်ကိုပြောမပြနိုင်ပါ။ ဆရာတစ်ဦးသည် တစ်နည်းနည်းဖြင့် ထူးချွန်စွာတီးခတ်နိုင်မည်ဖြစ်သော်လည်း သူကမည်သို့မည်ပုံ တီးခတ်ရမည်ဟု သင်ကြားပေးလိုက်သော သူ့တပည့်ကမူ သူကဲ့သို့တီးခတ်နိုင်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ဆရာတစ်ဦး၏အလုပ်မှာ ပါရမီရှိသောတပည့်များကို ရှင်းလင်းပြရန်ဖြစ်ပြီး သူ၏ကိုယ်ပိုင်တွေးခေါ်မှုကို တိုးတက်စေနိုင်သော တပည့်၏စိတ်ကို ထိုးဖေါက်ဖွင့်လှစ်နိုင်စွမ်းမရှိကြဟု ကျွန်ုပ်ယူဆရခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ တပည့်များကိုယ်တိုင်ကကြိုးပမ်းရမည် ဖြစ်သည်။ ထိုအလုပ်ကို သူတို့ကိုယ်တိုင်လုပ်ရမည်။ ဆရာကလုပ်ရမည် မဟုတ်ပါ။

## ကိုယ်တိုင်သင်ကြားခြင်း

ကျွန်ုပ်တို့၏ စာဖတ်သူတစ်ဦးက သူ့အစ်ကို၏ လေ့လာဆည်းပူးမှုကို ဤသို့ပြောပြပါသည်။

"ကျွန်တော့်အစ်ကိုက လျှပ်စစ်ပညာကို သင်ကြားပေးသူဖြစ်သလို လျှပ်စစ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ပညာရှင်တစ်ဦးဖြစ်ပါတယ်။ သူ လူပျိုပေါက်အရွယ်တုန်းက သင်္ချာတို့ ဘာသာစကားတို့ စတဲ့ဘာသာတွေကို သူကိုယ်တိုင်သင်ယူလေ့လာပါတယ်။ တခြားလိုအပ်တာတွေကိုလည်း သူ့ဘာသာသူလေ့လာပါတယ်။ ရှုတ်ထွေးပွေလီနေတဲ့ ပစ္စည်းလေးတွေကိုဆင်ပါတယ်။ အော့စီလိုစကုပ်တို့ ကျွန်ုပ်ပျူတာတို့စသည်ပေါ့လေ။ အခုတော့ သူ့အိမ်မှာပဲ ကိုယ်ပိုင်ပစ္စည်းတွေနဲ့ ကိုယ်ပိုင်တီထွင်ဉာဏ်ကိုသုံးပြီ တီထွင်ဉာဏ်ကိုတစ်ဘက်ကတိုးတက်အောင် လုပ်သလို တစ်ဘက်ကလည်း ကျွမ်းကျင်တဲ့လျှပ်စစ်ပညာရှင် တစ်ဦးအဖြစ် စီးပွားဖြစ်နေပါပြီ။"

## သင်ကြားပေးခြင်းနှင့်သင်ယူခြင်း

သင်သည် မွေးစကလေးများနှင့် ကလေးငယ်များကို ချစ်တတ်သည်ဆိုပါက သင့်တွေ့မြင်သော လုပ်ကိုင်သောအရာများကို သူတို့အား ပြောပြရေးသည် ရယ်စရာတော့ ကောင်းလှသည်။ မိခင်များ (သို့မဟုတ် အခြားလူကြီးများ) က ကလေးငယ်တစ်ဦးကို ပွေ့ချီပြီးအပြင်ထွက်လုဆဲဆဲတွင် "ကဲ တို့တွေဖိနပ်ကြိုးချည်ကြမယ်။ ဖိနပ်ကြိုးကို တင်းတင်းဆွဲရမယ်။ ကဲ ဖိနပ်တွေယူ။ ညာဘက်ဖိနပ်က

ညာခြေထောက်မှာဝတ်၊ ဘယ်ဘက်ဖိနပ်ကို ဘယ်ခြေထောက်မှာဝတ်။ ကဲ ပြီးတော့လက်အိတ်တွေ ဝတ်ကြစို့။ ဘယ်လက်အိတ်ကို ဘယ်လက်မှာဝတ်၊ ညာလက်အိတ်ကို ညာလက်မှာဝတ်။ ပြီးတော့ ဦးထုပ်ဆောင်းမယ်" ဟုပြောကောင်းပြောပေလိမ့်မည်။ ထိုသို့သော စကားမျိုးသည် အဖေါ်ညိုသော စကားမျိုးဖြစ်ပြီး ရယ်စရာလည်းကောင်းပါသည်။ သို့သော် စကားမှကလေးငယ် သင်ယူရရှိပါသည်။ စကားလုံးများမှ မဟုတ်ပါ။ သင်အသုံးပြုသော စကားစုများနှင့် စာကြောင်းများ၏ ကိုင်ညိုသောအပြုအမူမှ ဖြစ်ပါသည်။

အရာတိုင်းကိုတော့ ဤသို့ပြောရမည် မဟုတ်ပါ။ ကလေးကို ကုတ်အင်္ကျီဝတ်ပေးသောအခါ "ကုတ်အင်္ကျီ၊ ကုတ်အင်္ကျီ" ဟူသောစကားသည် ကလေးငယ်က သူ့အားဝတ်ဆင်ပေးသောအရာသည် ကုတ်အင်္ကျီဖြစ်ကြောင်း လေ့လာသင်ယူပေသည်။ ပျော်ရွှင်စွာလေ့လာသင်ယူရေးအတွက် လက်တွေ့လုပ်ဆောင်ပြသ ပြောဆိုခြင်းနှင့် လေ့လာသင်ယူရေးအတွက် သက်သက်သာသာ ပြောဆိုခြင်းတို့ ကွာခြားပါသည်။

ဤကစားနည်းကို နမူနာယူကြည့်ပါ။ "တုန့်ပြန်စေသည့် အကြောင်းအရာ နံနက်စာ သို့မဟုတ် အတူတကွထိုင်စားရသော ညစာစားပြီးပါက ဤစကားနည်းကို သုံး၍စကားပြောခြင်းဖြင့် ကလေးငယ်များက ၎င်းတို့၏အတွေးကို စာဖြင့်ရေးသားတတ်စေရန် ကြိုတင်ပြင်ဆင်ပေးရာ ရောက်ပါသည်။ အကြောင်းအရာကို လမ်းခင်းပေးခြင်း ကလေးများသိပြီးသားဖြစ်သော အကြောင်းအရာတစ်ခုခု ဥပမာ နွေဦးရာသီ သူငယ်ချင်းများ နံနက်စာ ကျောင်းစသည်ဖြင့် အဆင်ပြောပါ။ သို့ဖြင့် ကလေးများသည် ပြောကြားသော အကြောင်းအရာ၏ ဖေါ်ပြချက်တစ်ရပ် ပေါ်ပေါက်လာပါလိမ့်မည်။ "နွေဦးရာသီသည် အကောင်းဆုံးရာသီဥတုဖြစ်သည်" သို့မဟုတ် "သူငယ်ချင်းများသည် လည်းသင်ပြုလုပ်သည့် ကိစ္စများကို ပြုလုပ်သည်။" ကလေးများက စေ့စပ်သေချာစွာတွေးလေ သူတို့၏အကြောင်းအရာများနှင့် ဖေါ်ပြချက်များသည် ပို၍စေ့စပ်သေချာလာလေ ဖြစ်ပါသည်။"

ကျွန်ုပ်စာမသင်ကြားမီနှစ်များက ကလေးငယ်များရှိသော မိဘများနှင့် အိမ်တစ်အိမ်တွင် သင်ကြားရေးနှင့် ပတ်သက်သော ရည်ရွယ်ချက်ဖြင့် စကားပြောခြင်း၊ လေ့ကျင့်ခြင်း မပြုလုပ်ဘဲ တမင်အချိန်ဖြုန်းနေခဲ့ပါသည်။ သူတို့ပြောဆိုသော စကားလုံးတိုင်း ပြုလုပ်သော အပြုအမူတိုင်းက ဤသင်ခန်းစာကို ဖြစ်ပေါ်စေခဲ့ပါသည်။ သူတို့ပြောဆိုသော စကားများတွင် ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှုများဖြင့်လှုပ်ရှားနေပါသည်။

## ဉာဏ်ရည်

ဉာဏ်ရည်သည် မည်သို့ပြုလုပ်ရမည်ကို မည်မျှသိသနည်းဆိုသည်ကို (ပြုလုပ်နည်းကို မည်မျှသိသနည်း) တိုင်းတာခြင်းမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့မည်သို့ ပြုလုပ်ရမည်မှန်း မသိသောအခါ မည်သို့ပြုမူရမည်ကို တိုင်းတာသောအရာဖြစ်သည်။ ဉာဏ်ရည်ကို အရေးကြီးသောမေးခွန်းများ တွေးခေါ်နိုင်သည့် ကျွန်ုပ်တို့၏စွမ်းရည်ဖြင့် ပြုလုပ်ပြီး အသုံးဝင်သောအဖြေများကို ရှာဖွေခြင်းပင် ဖြစ်ပါသည်။

## မသန်စွမ်းမှုနှင့်အခက်အခဲများ

ကလေးများအားနေအိမ်တွင်ပင် သင်ကြားပေးသော မိဘများတွင် အချို့ကလေးများသည် အက္ခရာစာလုံးများ သို့မဟုတ် စာလုံးပေါင်းများကို နောက်ပြန်ရေးခြင်း ပေါင်းခြင်း သို့မဟုတ် ညာဘက် ဘယ်ဘက် မခွဲခြားတတ်ခြင်းတို့ကို မကြာခဏဆိုသလို ကြုံတွေ့ရတတ်သည်။ ကလေးများအား ကျောင်းထားသောမိဘများကိုလည်း ၎င်းတို့၏ကလေးများတွင် ထိုသို့သောပြဿနာများ ရှိနေသည်ဟု အကြောင်းကြားခံရနိုင်သည်။ ထိုမိဘများအနေဖြင့် ထိတ်လန့်တုန်လှုပ်ရန် မလိုပါ။ ၎င်းတို့ ကလေးများ၏အကြောင်း အခြေအနေနှင့် လိုအပ်ချက်များနှင့် ပါတ်သက်၍ ကျောင်းမှဖြစ်စေ အထူးကုများကဖြစ်စေ ပြောကြားချက်များကို အကြွင်းမဲ့မယုံကြည်ဘဲ သံသယစိတ်ဖြင့်စီစစ်သင့်ပါသည်။ မိဘများအနေဖြင့် ကျောင်းမှပြောကြားချက်များ ကျောင်း၏ဖိစီးမှုများနှင့် ကလေးများ၏ သောကများသည်သာ အခက်အခဲများဖြစ်ကြောင်းကို နားလည်သဘောပေါက်ထားသင့်ပါသည်။ ထို့ပြင် ၎င်းတို့အား အကောင်းဆုံးကုသမှုမှာ ကလေးများအားကျောင်းထုတ်လိုက်ရန်ပင် ဖြစ်ပါသည်။

သင်ယူမှုနှေးကွေးခြင်းများအကြောင်း ကျွန်ုပ်အားပြောလာကြသည့် ကျောင်းမှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အခြားသူများကို အောက်ပါမေးခွန်းမျိုးအား ကျွန်ုပ်မေးလေ့ရှိပါသည်။

"သင်ယူမှုအခက်အခဲနဲ့ သင်ယူမှုနှေးကွေးခြင်းတို့အကြား ကွာဟချက်ကို ဘယ်လိုပြောနိုင်သလဲ။ သင်ယူမှု အခက်အခဲရဲ့ အကြောင်းရင်းဟာ သင်ယူသူရဲ့ အာရုံကြောစနစ်အတွင်း ရှိနေတာဟုတ်မဟုတ် ဘယ်လိုပြောနိုင်မလဲ။ ဒါမှမဟုတ် ပြင်ပအကြောင်းတရားတွေဖြစ်တဲ့ သင်ယူသူရဲ့သင်ယူမှု အခြေအနေ၊ ဆရာရဲ့ရှင်းလင်းပြမှု၊ ဆရာကိုယ်တိုင်နဲ့ အသုံးပြုတဲ့ပစ္စည်းတွေကြောင့် ဟုတ်မဟုတ် ဘယ်လိုပြောနိုင်မလဲ။ နောက်ပြီးတော့ သင်ယူမှုအခက်အခဲရဲ့ အကြောင်းရင်းဟာသင်ယူသူကြောင့်လို့ ဆုံးဖြတ်ရင် ဘယ်သူကဆုံးဖြတ်တာလဲ။ ဘာကိုအခြေခံပြီး ဆုံးဖြတ်တာလဲ။ အခက်အခဲဖြစ်ပေါ်တဲ့ အကြောင်းရင်းကို ကုစားနိုင်သလား။ အတိုချုပ်ပြောရရင်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာလုပ်ပေးနိုင်သလဲ။ လုပ်ပေးနိုင်မယ်ဆိုရင် ဘာတွေလုပ်ပေးရမလဲ။"

အထက်ပါမေးခွန်းများနှင့် ပတ်သက်၍အံဝင်ခွင်ကျဖြစ်သော အဖြေများကို ကျွန်ုပ်တစ်ခါမှ မရခဲ့ဘူးပါ။ ထိုအဖြေများအစား သင်ယူမှုနှေးကွေးတယ်ဆိုတာ အမှန်ဘဲ။ ကလေးတွေရဲ့ အာရုံကြောစနစ်က ဖြစ်လာတာဘဲဟူသော ဒေါသတကြီး တုန့်ပြန်မှုများကိုသာ ရရှိခဲ့ပေသည်။ အဆိုပါအချက်များ မှန်ကန်ကြောင်း ကျွန်ုပ်ယူဆသော အကြောင်းရင်းအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## မည်သူမျှနောက်ပြန်သွားသည်ဟုမယူဆပါ။

အချို့ကလေးများတွင် စာဖတ်ရန်သင်ယူခြင်း၌ အခက်အခဲရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အရေပြား သို့မဟုတ် ဦးခေါင်းခွံအတွင်းရှိ တစ်စုံတစ်ခုသည် အက္ခရာစာလုံးများကို ပြောင်းပြန်ဖြစ်စေ နောက်ဆုတ်ဖြစ်စေ ပြောင်း၍ဖြစ်စေ အစီအစဉ်ပျက်အောင်မကြာခဏ ရိုက်ခတ်တတ်လေ့ရှိသောကြောင့် ဖြစ်သည်ဟူသော သီအိုရီတစ်ခုရှိပါသည်။ ဤအကြောင်းရင်းအတွက် ပို၍ရှင်းလင်းသောဖွင့်ဆိုရှင်းပြချက်များစွာ ရှိပါသည်။

"သင်ယူမှုနှေးထွေးသောသူများ" တွင်အဆိုပါ ကလေးမျိုးများသည် အက္ခရာစာလုံးများကို နောက်ပြန်ရေးဆွဲတတ်သည်။ ဥပမာ P ကိုရေးသည်ဆိုပါစို့။ P ကိုသူတို့ ကြည့်သောအခါ အမှန်ရေးထားသော P ကိုပြောင်းပြန်မြင်ကြရသည်။ သို့ရာတွင် ကလေးငယ်၏ စိတ်သည်မြင်သမျှ ပုံစံအတိုင်းကို ပြောင်းပြန်ပြုလုပ်နေလျှ ပြောင်းပြန်P ကိုလည်း ပြောင်းပြန်အမြင် မြင်နေပေလိမ့်ဦးမည်။ ကလေးငယ်က (ငါရေးတာမှားနေပြီ) သူ့ဘာသာသူ တွေးလိမ့်မည်။ ထို့နောက် ထိုP ကိုတစ်ခြားနည်းဖြင့် ရေးလိမ့်မည်။

ထို့ကြောင့် "အာရုံသိချို့ယွင်းမှု" "သူနောက်ပြန်ဆွဲသည်။ အကြောင်းမှု သူနောက်ပြန်မြင်၍ဖြစ်သည်။" ဟူသောအဆိုသည် ချေဖျက်ပြီးသား ဖြစ်လိမ့်မည်။

ကလေးငယ်သည် P ကိုအဘယ်ကြောင့် နောက်ပြန်ရေးဆွဲသနည်း။ အက္ခရာစာလုံးများကို ပထမဦးဆုံးရေးဆွဲသော ကလေးငယ်များကို စောင့်ကြည့်ဘူးသူတစ်ဦးအတွက် ထိုမေးခွန်း၏အဖြေမှာ အလွန်ရှင်းပါသည်။ ကလေးငယ်က P ကိုကြည့်လိုက်သည်။ အထက်အောက်မျဉ်းကြောင်း ကလေးတစ်ခုရှိကြောင်း တွေ့ရသည်။ သူက စာရွက်ကိုကြည့်၍ သူ့လက်ကို "အထက်အောက်မျဉ်းတစ်ကြောင်းဆွဲ" ဟုပြော၍ အထက်အောက်မျဉ်းကြောင်း ဆွဲလိုက်သည်။ ထို့နောက် P ကိုပြန်၍ကြည့်ပြီး အထက်အောက်မျဉ်းကြောင်းထိပ်သို့ရွှေ့ရှားရန် သူ့လက်ကိုပြောသည်။ ထို့နောက် ဘေးဖက်သို့မျဉ်းတစ်ကြောင်း ဆွဲလိုက်သည်။ ပြီးလျှင် P ကိုပြန်ကြည့်ပြန်သည်။ ဘေးသို့ဆွဲသောမျဉ်းကြောင်းသည် အောက်သို့အနည်းငယ်ကွေ့ကာ အထက်အောက်မျဉ်းကို ထိသည်အထိ ပြန်ဆုတ်သွားသည်ကို မြင်ရသည်။ ထိုအတိုင်းဆွဲရန် သူ့လက်ကိုပြောလိုက်သည်။ ထိုအခြေအနေမျိုးတွင် ကလေးများက သူတို့ကြည့်သေ P နှင့်သူတို့ရေးထားသော P နှစ်ခုကိုနှိုင်းယှဉ်ကြည့်ပေလိမ့်မည်။ ထိုကလေးများအနက် P ကိုနောက်ပြန်ဆွဲထားသော ကလေးများသည် P နောက်ပြန်ဖြစ်နေကြောင်း တွေ့မြင်နိုင်သည်။ တစ်ချို့ကလေးများကလည်း သူတို့ဆွဲသာ P သည်ပြထားသော P နှင့်မတူကြောင်း သတိပြုမိပေလိမ့်မည်။ သို့ရာတွင် ထိုမတူညီမှုသည် မူလP နှင့်သိပ်မခြားနားကြောင်း သိမြင်ပေလိမ့်မည်။

သူတို့ရေးထားသော P သည်မှားနေကြောင်း P နှင့်မတူကြောင်း သူတို့အား ရှင်းပြရန်မှာ အလွန်ရှုတ်ထွေးပါသည်။ သင်သည် မြင်း သို့မဟုတ် ခွေး သို့မဟုတ် ကြောင် သို့မဟုတ် ကားပုံကို သင်လိုချင်သည့်အတိုင်း ဆွဲနိုင်လျှင် အဘယ်ကြောင့် P သို့မဟုတ် B သို့မဟုတ် E ကိုသင်လိုချင်သလို မဆွဲနိုင်ရမည်နည်း။

ကျွန်ုပ်တို့ပြုလုပ်သင့်သည်မှာ ဤသို့သော ပြောင်းပြန်အခြေအနေမျိုးများတွင် "မှန်သည်" "မှားသည်" ဟူသောစကားမျိုးကို မည်သည့်အခါမျှ မသုံးမိစေရန် အလွန်သတိထားရမည်။ ကျွန်ုပ်တို့က ကလေးတစ်ဦးကို P ဆွဲခိုင်းသော်လည်း သူက T ရေးသည်ဆိုပါစို့။ "ဒါက P မဟုတ်ဘူး။ ဒါကို T လို့ခေါ်တယ်" ဟုပြောနိုင်ပါသည်။ သို့ရာတွင် သူ့ကို P ရေးခိုင်းရာ သူကဘယ်ဘက်လှည့်၍ ရေးထားသည်ဆိုပါက "ဆေး အဲဒါ P ဟုတ်တယ်။ ဒါပေမဲ့ P ကိုရေးတဲ့အခါ အမြဲတန်း ညာဘက်ကိုလှည့်ရေးရတယ်။ သူက ကားပုံ ခွေးပုံဆွဲသလို ကြိုက်ရာဘက်ကို လှည့်ပြီးဆွဲလို့ မရဘူး" ဟုရှင်းပြရပါလိမ့်မည်။

အက္ခရာစာလုံးများကို ပြောင်းပြန်ရေးလေ့ရှိသော ကလေးများသည် ပုံသဏ္ဌာန်များကို နှိုင်းယှဉ်လေ့မရှိကြောင်း ကျွန်ုပ်သံသယကြီးစွာဖြစ်မိသည်။ ကျွန်ုပ်သိခဲ့ဘူးသော သင်ခဲ့ဘူးသော ကလေးများနည်းတူပင် သူတို့သည်လည်း စိုးရိမ်ကြသည်။ စည်းကမ်းနှင့်ထိန်းချုပ်ထားကြသည်။ လူကြီးအလိုရှိရာကို ရှာဖွေလိုသောဆန္ဒ ရှိကြသည်။ သူတို့ ရေးဆွဲသောP သည် ညွှန်ကြားချက်အတိုင်း မှတ်သားလိုက်နာ၍ ရေးသားခြင်းဖြစ်ပြီး ညွှန်ကြားချက်နှင့် ဆန့်ကျင်၍သူတို့ရေးဆွဲသော P နှင့်နှိုင်းယှဉ်ကြည့်ကြသည်။ "ငါရေးတာမှန်ရဲ့လား။ မှန်ပါတယ်။ အပေါ်အောက်မျဉ်းတစ်ကြောင်းပါတယ်။ မျဉ်းထိပ်ကနေပြီး ဘေးသကိုမျဉ်းတစ်ကြောင်းဆွဲထားတယ်။ အဲဒီမျဉ်းကို နဲနဲကွေးလိုက်တယ်။ ပြီးတော့အပေါ်အောက်မျဉ်းကို ထိအောင်ဆက်ဆွဲတယ်။ စည်းကမ်းအတိုင်းငါရေးတာဘဲ။ ဒါကြောင့် ဒီမျဉ်းအတိုင်း မှန်ရမယ်။"

သို့မဟုတ် သူတို့သည် ပုံသဏ္ဌာန်များကို နှိုင်းယှဉ်ရန်ကြိုးစားကြည့် နိုင်ပါသည်။ သို့သော် ကွဲပြားစွာသိမြင်ရန် အလွန်စိုးရိမ်နေကြသည်။ သို့မဟုတ် ပူပန်စိတ်ဝင်နေသောသူများ ကဲ့သို့ပင် သူတို့မျက်လုံးကို မူလP မှ သူတို့ဆွဲထားသော P သို့ရွှေ့လိုက်သောအခါ မူလP ကိုမေ့သွားတာလည်း ဖြစ်နိုင်သည်။ သို့မဟုတ် သူတို့မှတ်သားထားသော မှတ်ဉာဏ်ကိုမယုံကြည်ဝံ့၍လည်း ဖြစ်နိုင်သည်။ ထိုသို့ မိမိမှတ်ဉာဏ်ကို ရုတ်တရက်မယုံကြည်နိုင်သော ခံစားမှုမျိုးသည် သောကဖိစီးနေသူတစ်ဦး၏ ခံစားမှုမျိုးနှင့် အတူတူပင်ဖြစ်ပါသည်။

ကျွန်ုပ်သင်ကြားခဲ့သော ကျောင်းသားများတွင် မအောင်မြင်သောသူများ၏ စိတ်ထဲတွင် “ငါစဉ်းစားကြည့်ရင်တော့ မှားမှာဘဲ” ဟူသောအတွေးကို အမြဲတမ်းလက်ခံထားကြကြောင်း ခိုင်မာစွာတွေ့ရှိရပါသည်။

## မိစီးမှုနှင့်အာရုံသိမှု

ရှည်ကြာစွာဖြစ်ပေါ်နေသော ပူပန်မှု ဖိစီးမှုနှင့် ကြောက်ရွံမှုများသည် လူသား၏အာရုံကြောစနစ်ပေါ်တွင် ဆုတ်ယုတ်ပျက်စီးစေသောသက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်။ ကျွန်ုပ်၏ ကိုယ်ပိုင်လုပ်ငန်းတွင် ကျွန်ုပ်သင်ကြားပေးသော ကလေးငယ်များအကြားတွင် သာမက ဂီတပစ္စည်းတစ်ခုကို ကြိုးစားသင်ကြားရန် ရုန်းကန်နေရသော ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ထိုသောကသည် ကလေးများကို သာမက ကျွန်ုပ်ကိုပါစဉ်းစားရန် မှတ်မိရန် မြင်နိုင်ရန်ကိုမျှ ဒုက္ခပေးတတ်ကြောင်း သိမြင်စပြုခဲ့ပါသည်။

အချို့ကလေးများသည် “အာရုံသိချို့ယွင်းမှု” ကြောင့်သင်ယူမှု အခက်အခဲရှိခြင်းကို ရှင်းချက်ထုတ်ဖို့ ကြိုးစားနေသော ပညာရှင်များအနေဖြင့် ထိုသို့ညွှန်းဆိုသော ချို့ယွင်းမှုနှင့် ကလေးများ၏ သောကများနှင့် ကြောက်ရွံ့ထိတ်လန့်မှုများအကြား ဖြစ်နိုင်ဖွယ်ရှိသော ဆက်စပ်မှုများကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။

ထို့ပြင် ကလေးများတွင် “အာရုံသိချို့ယွင်းမှုဖြစ်ပွားခြင်းနှင့် သူတို့ဆရာများ၏ ထုထည်ကြီးမားသောပူပန်မှုများအကြား ဆက်စပ်မှုများကို သုံးသပ်ကြည့်လျှင်လည်း စိတ်ဝင်စားဖွယ်ကောင်းမည်မှာ သေချာလှပေသည်။

## ညာဘက်နှင့်ဘယ်ဘက်

လူကြီးများပင် ဘယ်ဘက်နှင့်ညာဘက် မကွဲပြားတတ်ကြသဖြင့် စိတ်ဆင်းရဲလေ့ရှိကြသည်။ ကလေးတစ်ဦးသည် အက္ခရာတစ်လုံးကိုပြောင်းပြန်ရေးလျှင် သို့မဟုတ် အချို့အက္ခရာများကို အစီအစဉ်မမှန်ဘဲဖတ်လျှင် သို့မဟုတ် ညာနှင့်ဘယ်မကွဲပြားဟုပြောလျှင် လူကြီးများက “ရောထွေးသောလွှမ်းမိုးမှု” “အာရုံသိချို့ယွင်းမှု” “သင်ယူမှုနှေးကွေးမှု” စသည်ဖြင့်ပြောလေ့ရှိကြသည်။ ကလေးငယ်ခများမှာလည်း “ပြင်းထန်သောပြဿနာရှိနေသူ” အဖြစ်ချက်ချင်း သတ်မှတ်ခံလိုက်ရရှာသည်။ ကလေးအထူးကုများ ပညာရှင်များကို (မိသားစု သို့မဟုတ် ကျောင်းမှတတ်နိုင်လျှင်) ခေါ်၍ပြသသင့်ပါသည်။

တစ်ခါက ကျွန်ုပ်အားကလေးငယ်တစ်ဦး မေးသောမေးခွန်းမှာ ကျွန်ုပ်အားလုံးဝအံ့သြသွားစေရုံသာမက အကြံပြုသွားသကဲ့သို့လည်းခံစားရပါသည်။ သူမေးသည်မှာ ကလေးတစ်ဦးအနေဖြင့် ဘယ်နှင့်ညာမကွဲပြားသော ပြဿနာသည် သူတို့အတွက် ပြဿနာမဟုတ်ဘဲ လူကြီးများအတွက် ပြဿနာပင်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့လူကြီးများကပင် ဘယ် ညာ ဟုသတ်မှတ်ကြ၍ဖြစ်ကြောင်းပင်။

ကျွန်ုပ်၏ခုံပေါ်မှ ပစ္စည်းတစ်ခုလိုချင်သဖြင့် ကလေးတစ်ဦးကို ယူခိုင်းခဲ့သည်။ ကလေးငယ်က “ဟုတ်ကဲ့” ဟုပြောပြီး ဘယ်နေရာမှာလဲဟု မေးပါသည်။ ကျွန်ုပ်က အပေါ်ဆုံးညာဘက်အံဆွဲထဲမှာဟု ပြောလိုက်ပါသည်။ တစ်ခဏမျှ ငြိမ်သွားသည်။ ပြီးလျှင်သူက “ဘယ်သူ့ညာဘက်လဲ။ စားပွဲရဲ့ညာဘက်လား။ ကျွန်တော့်ညာဘက်လား” ဟုမေးလိုက်ပါသည်။

ခဏတော့ ကျွန်ုပ်တုန့်ဆိုင်းသွားခဲ့သည်။ ပြီးမှ ကျွန်ုပ်သဘောပေါက်သွားသည်။ သူက ခုံကိုကြည့်သောအခါ သက်ရှိတစ်ဦးက သူ့ကိုကြည့်နေသကဲ့သို့ ယူဆနေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်က “သားရဲ့ညာဘက်” လို့ပြောလိုက်ရပါသည်။ သူကချာကနဲ ထွက်သွားပြီး ကျွန်ုပ်လိုချင်သည်ကို ယူလာခဲ့သည်။ အဖြစ်ကတော့ ဒါပဲဖြစ်ပါသည်။

ထိုကိစ္စကို ကျွန်ုပ်ပို၍အလေးအနက် စဉ်းစားစပြုလာခဲ့သည်။ ကျွန်ုပ်တို့လူကြီးများ၏ ညာ ဘယ် စည်းကမ်းများကား ကျွန်ုပ်ထင်သည်ထက်ပင် ရှုတ်ထွေးနေသည်ကို သတိပြုခဲ့သည်။ ထို့ကြောင့် ကလေးတစ်ဦးကို ကျွန်ုပ်တို့ ကုတ်အင်္ကျီညာဘက်အိတ်ထဲမှ တစ်ခုခုကိုယူခိုင်းသောအခါ ကျွန်ုပ်တို့ဆိုလိုသည်မှာ ကုတ်အင်္ကျီ၏ညာဘက်ဖြစ်ပြီး ကလေးငယ်၏ညာဘက် မဟုတ်ချေ။ ကားတစ်စီး၏ ညာဘက်အပေါ်မီးဟုပြောလျှင် ကား၏ညာဘက်ကိုဆိုလိုခြင်း ဖြစ်သည်။ သို့သော် အိမ်တစ်လုံး၏ ညာဘက်အဝင်ဝဟူသည်ကား ကျွန်ုပ်တို့၏ ညာဘက်ဖြစ်နေပြီး အိမ်၏ညာဘက်မဟုတ်ပြန်ချေ။ လူကြီးများက ဝတ္ထုပစ္စည်းများကို တစ်ခါတစ်ရံ လူကဲ့သို့သဘောထား ပြောဆိုတတ်ပြီး တစ်ခါတစ်ရံတွင် ဤသို့မဟုတ်ပြန်ချေ။ ကျွန်ုပ်တို့ ဤသို့ပြောဆိုမှု၌ သူတို့ရဲ့ကိုယ်ပိုင် ညာဘက်ရှိနေပြီး အဘယ်ကြောင့်အိမ်တွင် ညာဘက်မရှိရသနည်း။

ကျွန်ုပ်တို့လူကြီးမည်မျှ ဤသို့သောဘယ်ညာ အယူအဆကို မှန်ကန်စွာအသုံးပြုတတ် ကြသနည်း။ ကျောင်းသားအများစုသည် ဤနည်းကို ယခုအချိန်အထိ မည်သူကမျှ ကွန်ပျူတာတစ်လုံးကို တတ်မြောက်အောင်သင်ကြားပေးနိုင်စွမ်း မရှိနိုင်သော သိမ်မွေ့ရှုတ်ထွေးသည့် ကျွန်ုပ်တို့၏ ဘာသာစကားသဒ္ဒါနည်းမှ သင်ယူခဲ့ခြင်းဖြစ်သည်။ ကလေးများသည် “ကျွန်ုပ်/သင်/သူမ စသည့်” စကားလုံးများကို ငယ်ငယ်ကတည်းကပင် သင်ယူခဲ့ကြသည်။ မည်သူက မည်သူ့ကို ရည်ညွှန်းကြောင်း ပြောဆိုသူအပေါ် မူတည်၍ခွဲခြားတတ်ကြသည်။ ဤနည်းအတိုင်း ထိုစကားလုံးများကို သူတို့အသုံးပြုကြသည်။ အလားတူစွာပင် ကလေးအများစုမှာ သူတို့ကိုယ်သူတို့ မစဉ်းစားမိကြပေ။ “ကားများ၊ လှေများ၊ ကုတ်အင်္ကျီများ၊ ရထားများ၊ လေယာဉ်ပျံများ အားလုံးတွင် ၎င်းတို့၏ကိုယ်ပိုင် ညာဘက်များရှိပြီး စာအုပ်

များ၊ ခါတ်ပုံများ၊ ခုန်များ၊ အိမ်များတွင် ကိုယ်ပိုင်ညာဘက်များ မရှိကြပါ” သူတို့သည် ဘယ်အရာကဘာဆိုသည်ကို အတွေ့အကြုံများ အရသာသင်ယူကြရသဖြင့် ဘယ် ညာ မကွဲပြားခြင်းနှင့် ပါတ်သက်၍ စိုးရိမ်ပူပန်ရန်မလိုအပ်ပါ။

အကျဉ်းချုပ်အားဖြင့် ကလေးအများစုသည် ဘယ်ဘက်၊ ညာဘက် ရှုတ်ထွေးမှုကို ကောင်းစွာသဘောပေါက်ကြသည်။ အဘယ် ကြောင့်ဆိုသော် ယင်းရှုတ်ထွေးမှုကို သူတို့သတိမပြုမိ၍ ဖြစ်သည်။ အချို့မှာမူ ထိုရှုတ်ထွေါမှုကို သတိပြုမိကြသော်လည်း အခက်အခဲ မရှိကြပေ။ သို့ရာတါင် အချို့ကလေးများမှာမူ အတွေးအခေါ် ပညာရှင်များဖြစ်ကြသည်။ သူတို့သည် အရာရာကို စူးစမ်းစစ်ဆေးကြ သည်။ အရာတိုင်းကို သိရှိရန်မြှော်လင့်ကြသည်။ သိလိုကြသည်။ မသိပါက အဘယ်ကြောင့်နည်းဟူ၍ စူးစမ်းရှာဖွေကြသည်။ အချို့မှာ မူထိုရှုတ်ထွေးမှုနှင့် အမှန်တရားတို့၏ ခြိမ်းခြောက်မှုကို ခံနေရဆဲဖြစ်သည်။

ဘယ် ညာ မကွဲပြားသော ကလေးအများစုသည် အထက်ဖေါ်ပြပါ နောက်ဆုံးအမျိုးအစားကြောင့်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်မိ သည်။ ကျွန်ုပ်တို့ရှုးမိုက်စွာ တည်ထွင်ထားသော ဘယ် ညာ စနစ်ကိုသူတို့ မလေ့လာရသေးမီ ဘယ် ညာ တစ်ခါနှစ်ခါ မှားယုံမျှနှင့် သူတို့ကိုယ်သူတို့ “ငါတော်တော်တုံးတာဘဲ၊ ဘယ်တော့မှ ဘယ်ညာ ခွဲတတ်မှာမဟုတ်ပါဘူး” ဟု ယူဆလာကြသည်။ ထို့ကြောင့် ဘယ် ညာ ဟူသောစကား ပေါ်ပေါက်လာတိုင်း သူတို့ခင်ဗျာအလွန်ပင် ထိတ်လန့်ရှာကြသည်။ လူများက ဘယ် ညာ အကြောင်းပြောသောအခါ သူတို့က “တံခါးနားက လူကိုဆိုလိုသလား” ဟူသော သဲလွန်စမျိုးဖြင့် ရှင်းလင်းအောင်မေးမြန်းမှုကို သင်ယူတတ်လာကြသည်။

ယေဘုယျအားဖြင့် သူတို့တွင်တစ်ခုခုမှားနေပြီဟု သူတို့ယူဆကြသည်။ ဤသို့ဆိုလျှင် ဤကိစ္စကို ကျွန်ုပ်တို့မည်သို့ပြုလုပ် မည်နည်း။ ကျွန်ုပ်တို့မလုပ်ပ်င့်သည့် အချက်တစ်ခုမှာ ဘယ် ညာ ဟူသောစည်းမျဉ်းကို ချမှတ်မပေးခြင်းပင်ဖြစ်သည်။ ကလေးအများစု သည် ဘယ်ညာကို မသင်ရဘဲ အခြားသင်ကြားပေးသော ကလေးများထက်ပို၍ သိနေကြသည်။ “ဒါကသားရဲ့ညာဘက် ဒါကသားရဲ့ ဘယ်ဘက်ခြေထောက်” စသည်ဖြင့် ဤနည်းအတိုင်း ဆက်လက်သင်ယူပါစေ။ သို့တိုင်အောင် ကလေးငယ်ရှုတ်ထွေးနေဆဲ ဖြစ်ပါက ပို၍ထင်ရှားသောနည်းကို သင်ကြားနိုင်ပါသည်။ ကျွန်ုပ်တို့က “သားရဲ့ညာလက်ကိုပြောတာ၊ ခုန်ရဲ့ညာဘက်မဟုတ်ဘူး” သို့မဟုတ် “ကုတ်အင်္ကျီရဲ့ ညာဘက်ကိုပြောတာ၊ သားရဲ့ညာဘက်လက်ကို ပြောတာမဟုတ်ဘူး” ဟုပြောနိုင်သည့်အပြင် ဆက်၍ “ဒီလိုပြောတာ ရှုတ်သွားတယ် မဟုတ်လား။ ဒါပေမဲ့ ဒီလိုဘဲပြောကြရတယ်လေ။ သိပ်စိတ်မပူပါနဲ့။ မကြာခင်သားနားလည်သွားမှာပါ” ဟုပြောပြနိုင် ပါသည်။

## အလုပ်အကိုင်ရှာဖွေခြင်း

“အလုပ်အကိုင်” ဟူသောစကားများမှာ တစ်ဦးတစ်ယောက်က သူ၏အကျိုးစီးပွားအတွက် အလုပ်လုပ်ရန် ထိုက်တန်ပုံရ၍ လုပ်ကိုင်ရန်ရွေးချယ်သော ငွေကြေးမလိုအပ်လျှင်ပင် ပျော်ရွှင်စွာလုပ်ကိုင်သော သို့မဟုတ် လုပ်ခမရလျှင်ပင် ကျေနပ်စွာလုပ်ကိုင်သော လူအများက ခေါ်သုံးစွဲလေ့ရှိသည့် အသက်မွေးဝမ်းကျောင်း အလုပ်ကိုဆိုလိုသည်။ ဤအမြင်ဖြင့် ကျွန်ုပ်တို့၏အလုပ်အကိုင်မှာ ရှာဖွေ ရေးသည်ဘဝတွင် တွေ့ကြုံရသော လုပ်ငန်းများအနက် အရေးကြီးဆုံးနှင့် အခက်အခဲဆုံးလုပ်ငန်း တစ်ရပ်ဖြစ်သည်။ အလုပ်တစ်ခုကို ရရှိလျှင်သော်မှ နောက်ထပ်၍ရှာဖွေလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအလုပ်သည် ကျွန်ုပ်တို့၏ဘဝအဆင့် တစ်ခုတွင်မှန်ကန် သင့်တော်သော်လည်း နောက်အဆင့်တစ်ခုအတွက် မသင့်တော်သောကြောင့် ဖြစ်သည်။ အဓိကကျသောမေးခွန်း “ငါအမှန်တစ်ကယ် ဘာလုပ်ချင်သလဲ၊ ဘယ်အလုပ်က အသင့်တော်ဆုံးဖြစ်မလဲ” သည် ကျောင်းများကဖြစ်စေ အခြားလူကြီးတစ်ဦးဦးကဖြစ်စေ ကျွန်ုပ် တို့အားတိုက်တွန်းသည့် သို့မဟုတ် ကူညီရန်မေးမြန်းသည့် မေးခွန်းမျိုးမဟုတ်ပေ။ သူတို့အနေဖြင့် ယင်းကိစ္စသည် ကျွန်ုပ်တို့ဘာသာ ကြိုတင်ပြင်ဆင်ထားရမည့် အလုပ်ဟုယူဆထားပုံရသည်။ မည်သည့်အလုပ်ကို ပြုလုပ်ရန်လိုသည်။ ပြုလုပ်နေရမည်။ မည်သည့်နေရာမှ မည်သို့ပါဝင်ရမည် ဆိုသည်ကို ကျွန်ုပ်တို့ကိုယ်တိုင်သာ ရှာဖွေရမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် အရေးကြီးလွန်းသော အလုပ်များကိုလုပ်ကိုင်နေကြသူ အများစုသည် (ငွေကြေးအတွက် အဓိကဦးစားပေးခြင်းကို ဆိုလိုပါသည်။) အလုပ်ပိနေသူများ၊ ဝန်နှင့်အားမမျှသူများဖြစ်သည့်ပြင် အကူအညီလည်းနည်းပါကြသည်။ လူပုဂ္ဂိုလ်တစ်ဦး (ငယ်သည် ဖြစ်စေ၊ သိမငယ်သည်ဖြစ်စေ) ကသူတို့အား “ခင်ဗျားလုပ်နေတဲ့အလုပ်ကို ကျွန်တော်ယုံကြည်ပါတယ်။ ခင်ဗျားကိုဖြစ်တဲ့နည်းနဲ့ တတ် နိုင်သလောက်ကူညီချင်ပါတယ်။ ခင်ဗျားက လုပ်ခိုင်းတဲ့အလုပ်ဖြစ်စေ ကျွန်တော်ရှာလို့တွေ့တဲ့အလုပ်ဖြစ်စေ ကျွန်တော့်ကိုအခန်းနဲ့ စတည်းချဖို့နေရာသာပေးပါ။ ကျွန်တော် လစာနည်းနည်းပါးပါး ရရင်လည်းကူညီပါ့မယ်” ဟုပြောကြည့်ပါ။ သူတို့အထဲမှာ အများစုက “ဟား သိပ်ကောင်းတာပေါ့။ လာသာလာခဲ့ပါ” ဟုပြောကြပါလိမ့်မည်။ သူတို့နှင့်အတူ အလုပ်လုပ်ရင်းဖြင့် သူတို့လုပ်နေသည့်အလုပ်ကို ပိုမိုလေ့လာသင်ယူခွင့် ရလာပါလိမ့်မည်။ စိတ်ဝင်စားစရာ အရေးကြီးသောလုပ်ငန်းများကို တွေ့လာပါလိမ့်မည်။ သူတို့က ထိုသူအား ထိုက်တန်စွာချီးမြှင့်နိုင်မည့် နည်းလမ်းကိုပင် ရှာဖွေတွေ့ရှိသွားကြပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သူ/သူမသည် သူတို့နှင့်အတူ အလုပ် လုပ်ခြင်း၊ ကျောင်း သို့မဟုတ် ကောလိပ်တက်နေခြင်းထက် သူတို့နှင့်အတူရှိနေခြင်းက ပို၍ပို၍လေ့လာဆည်းပူးခွင့် ရရှိပါလိမ့်မည်။